မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဂလိုရီယာ၊ မာကါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်တွင်း၌ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီဖူလုံရေးနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ဂော်မှုန့်ကုန်ကြမ်း ဖြည့်ဆည်းပေးရန် ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံစီမံကိန်း(ရန်ပယ်)ကို တည်ဆောက်ထား

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် တောင်ညို၊ မိုးစွေ၊ ချောင်းနက်၊ တောင်တွင်းကြီးလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီတွင် မကွေးတိုင်း နယ်စပ်မိုင်တိုင် ၄၄ သို့အရောက်တွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ မိုင်တိုင် ၁၈/၇ ရှိ သီးခြားကျွန်းစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းက ကျွန်းအထူးစိုက်ခင်း စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သတ်မှတ်စိုက်ဧကများအတွင်း ရာနှုန်းပြည့်ရှင်သန်အောင် ထိန်းသိမ်း **စာမျက်နှာ ၅ ကော်လံ ၁** ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရန်ပယ်ရေလှောင်တမံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် လက်တွဲညီညီ အကောင်အထည်ဖော်

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နောင်ချို–ကျောက်မဲလမ်းပေါ်ရှိ ဂုတ်တွင်းတံတားသို့ ရောက်ရှိပြီး လက်ရှိဂုတ်တွင်းတံတားနှင့် အသစ်တည်ဆောက်နေသော တံတားတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

13-6 (01).p65 1 1/15/32, 2:11 PM

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပူးပေါင်းပါဝင်

ကရင်ပြည်နယ်သည် တစ်ချိန်က လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံ မငြိမ်းချမ်းသည့်ဘဝ၌ ကျီးလန့်စာစားနေခဲ့ကြရသည်။ အသက်အိုးအိမ်စည်းစိမ် လက်လွတ်ဆုံးရှုံးခဲ့ရသည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ဒဏ်ကို ခါးစည်းခံခဲ့ရသည်။

အချို့ကျေးရွာဒေသများတွင် စာသင်ကျောင်းများပျက်စီးခဲ့ရသည်။ ဆူပူသောင်းကျန်းမှုများ၏ ကြားတွင် ဒေသခံပြည်သူများ ပြေးလွှားပုန်းအောင်းနေခဲ့ရခြင်းကြောင့် တိုင်းရင်းသား ကလေးငယ်များသည်လည်း ကျောင်းတက်စာသင်နိုင်သည့် အခြေအနေမရှိခဲ့ပေ။

ယနေ့အခြေအနေတွင် နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု တဖြည်းဖြည်း ရှိလာသည်နှင့်အမျှ ကရင်ပြည်နယ်၏ ကျေးရွာအားလုံးနီးပါးတွင် မူလတန်းကျောင်းများရှိလာခဲ့ပြီး တိုင်းရင်းသားရင်သွေးငယ်များအတွက် ပညာရေး၌ လက်လှမ်းတမီရှိသည့် အခြေအနေကောင်းကို ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

ယခုအခါ ကရင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၁၅၄ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ကျောင်း၊ အလယ်တန်းကျောင်း ၇၇ ကျောင်းနှင့် အထက်တန်းကျောင်း ၃၅ကျောင်း စုစုပေါင်း စာသင်ကျောင်းပေါင်း ၁၂၈၈ကျောင်း ရှိလာခဲ့ပြီဖြစ်သည်။ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ပေးခဲ့ပြီးဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး (ဇာသပြင်)တံတား၊ ဂျိုင်းမြစ်ကူး (ကော့ကရိတ်) တံတားတို့အပါအဝင် မြစ်ကူး တံတားကြီး ငါးစင်းရှိလာခဲ့သည့်အပြင် တစ်ဆက်တစ်စပ်တည်းတွင် မွန်ပြည်နယ်အတွင်း အတ္တရံမြစ်ကူးတံတားနှင့် သံလွင်တံတား (မော်လမြိုင်)တို့ပါ တည်ဆောက်ပေးခဲ့သည့်အတွက် ဘားအံ-မော်လမြိုင်၊ မြဝတီ-ကော့ကရိတ်-ဘားအံ- မော်လမြိုင် တိုးလျှိုပေါက်လမ်းပေါက်သွားသည့် အခြေအနေအထိ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

အဆိုးမြင်ဝါဒီများသည် ထိုတိုးတက်ဖြစ်ထွန်းမှုအမှန်တရားများကို မနာလိုမရှုဆိတ်ဖြစ်ပြီး ကရင်ပြည်နယ် ဆုတ်ယုတ်ပျက်စီးနေကြောင်း၊ ကရင်တိုင်းရင်းသားများ အိုးပစ်၊ အိမ်ပစ် ထွက်ပြေးနေရကြောင်း၊ လူမျိုးတုံး သတ်ဖြတ်ခံနေရကြောင်း၊ တိုင်းရင်းသူများကို မတရားပြုကျင့်ကြောင်း၊ လူကုန်ကူးခံနေရကြောင်း၊ အကြမ်းဖက်ခံနေရကြောင်းစသည့် မဟုတ်မမှန်လုပ်ကြံဖန်တီးမှုအဖုံဖုံကို နိုင်ငံတကာက အထင်အမြင်မှားအောင် စွပ်စွဲပြောဆိုလျက် ရှိနေကြဆဲပင်ဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုကြီးကို လက်နက်ကိုင်ဆန့်ကျင်မှု ဝဲဂယက်က အစဉ်ထာဝရ လွတ်မြောက်နိုင်စေရန် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မျှော်ပြီး ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲဖြစ်သည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ကရင်ပြည်နယ် ငြိမ်းချမ်းသာယာဝပြောဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများ၌ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၃-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၇။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Australia Vs Japan(Delay)
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၆။ နိုင်ငံတကာသတင်း
၆း၂၀ ၇။ မိုးလေဝသသတင်း
၆း၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၉။ လျှပ်တစ်ပြက်
၇း၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၃၅)
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ ကျန်းမာသုတ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ France Vs Switzerland (Live)

၁၄-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ °Brazil Vs Croatia

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေ ၂၇ ရက်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေကွက် သစ်ဝယ်ယူရန် ရန်ကုန်မြို့ သံလွင်လမ်း ဗဟန်းမြို့နယ် 99.Aနေ ဦးစိုင်းတိုးလေး- ဒေါ်နန်းနော် ဆိုင်လောဝ်မိသားစုက အလှူငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့၌ တာဝန်ခံ ဗိုလ်မှူးချုပ် ခင်မောင်အေး(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ဗလာစာအုပ်နှင့်အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၀ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ရောက်ရှိ၍ မြို့နယ်အဝင် ဗဟိုလမ်း၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ လက်ထောက်ဌာနမှူး ဦးဝင်းထိန်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှုအားပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အမှာစကား ပြောကြားပြီး ပန်းအိပင်များကို အမှတ်တရစိုက်ပျိုးပေးကာ မြို့နယ်အဝင် အမြင်တင့်တယ်စေရန် ဆောင်ရွက်ထားရှိသည့် ပန်းခြံအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် ဗဟိုလမ်း ဝဲယာတစ်လျှောက်တွင် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများက ပန်းအိပင် ၃၀၀ တပျော်တပါးစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီး မောင်ပါသည် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၊ အမျိုးသားအမျိုးသမီး ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ သွားနှင့်ခံတွင်း ဌာနတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ကျန်းမာရေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ကျောင်းသုံး ဗလာစာအုပ်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအေးငွေက အလှူငွေပေးအပ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူကလေးများအား ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၃၀ နှင့် မိုးကောင်းပရိယတ္တိကျောင်းတိုက်၊ ဓမ္မပီတိကျောင်းတိုက်၊ မြို့နယ်ပြည်သူ့ဆေးရုံတို့အတွက် ငွေကျပ်တစ်သိန်းစီကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့လည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျောင်းသုံးဗလာစာအုပ် ဒါဇင်၄၀နှင့် ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့နေ ဦးညဏ်ဝင်း -ဒေါ်အေးမာတို့က ငွေကျပ် ၆၄၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ၆၄ ခုံ၊ မြို့နယ် အဖွဲ့အစည်းများက ငွေကျပ် ၁၀၃၀၀၀၊ ဦးတင်ဦး (Camelစားသောက်ကုန်လုပ်ငန်းနှင့်ပရဆေး)က ငွေကျပ် ၁၁၀၀၀၀နှင့် ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေးလုပ်ငန်း)က ငွေကျပ် ၁၀၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်နှင့် မြို့နယ် ပညာရေးမှူးတို့က လက်ခံယူကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကြက်ဆူစိုက်ပျိုးပွဲတော်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဆိပ်ကြီးခနောင်တို မြို့နယ် ဆမားဒူးဝါးရပ်ကွက်၌ ကျင်းပသော ကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ရာ အစီအစဉ်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆိပ်ကြီးခနောင်တိုမြို့နယ် တာဝန်ခံဦးသန်းမောင်က ကြက်ဆူပင် စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသာဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးငွေတို့က ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးပြီး **(အပေါ်ဝဲပုံ)** လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကြက်ဆူပင် ၈၀၀ တပျော်တပါးစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ကာကွယ် ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ခြံစည်းရိုးကြက်ဆူဆီဖြင့် လည်ပတ်သော ဇီဝဒီဇယ်သုံး ကျေးလက် မီးလင်းရေး စက်ပစ္စည်းများ၊ ကြက်ဆူဆီ ကြိတ်စက်များကို လေ့လာကြည့်ရှုစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂျီ၊ ဗွီ၊ လာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဖိလစ်ပိုင်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ခုနှစ် ဇွန် ၁၂ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတို ဂျီရိုမူလိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

စံချိန်စံညွှန်းမီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လက်ရှိအသုံးပြုနေသော တံတားကို အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေး၊ အသစ်တည်ဆောက်နေသော တံတားကို သတ်မှတ်ချိန်ပြီးစီးရေးနှင့် လိုအပ်ပါက အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ဘေလီတံတားယာယီတည်ဆောက်ထားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

လက်ရှိအသုံးပြုနေသော ဂုတ်တွင်းတံတားမှာ အလျားပေ ၁၅၀၊ အကျယ် ၃၄ပေရှိ ဘေလီသံပေါင်အမျိုးအစား ဖြစ်ပြီး အသစ်တည်ဆောက်နေသော တံတားမှာ အလျားပေ ၁၉၀၊ အကျယ် ၃၄ပေရှိမည့် သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ကာ ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ တည်ဆောက် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချို-ကျောက်မဲလမ်းပိုင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မိုင်တိုင်အမှတ်(၁၀၃/၅)အနီး စခန်းသာကျေးရွာ၌ ကျင်းပသော ကျောက်မဲခရိုင်အဆင့် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးကြသည်။

ကျောက်မဲခရိုင်ရှိ ဌာနဆိုင်ရာများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် ဧက ၅၇၅စိုက်ပျိုးရန် လျာထားသည့်အနက် ဧက၃၁၀ စိုက်ပျိုးပြီးစီးသွားကာ ကျန်ရှိသော ၂၆၅ဧကကို ထပ်မံစိုက်ပျိုးရန် ကျန်ရှိသည်။ ယနေ့စိုက်ပျိုးမှုတွင် ဌာနဆိုင်ရာများက ခြံစည်းရိုးကြက်ဆူပင် ဧက၁၀၀ကို သတ်မှတ်နေရာများ၌ အသီးသီး စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးမှုခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူဆီဖြင့် လည်ပတ်သော ဇီဝဒီဇယ်သုံးကျေးလက်မီးလင်းရေး စက်ပစ္စည်းများ ကြက်ဆူဆီကြိတ်စက်များ၊ ရှစ်နာရီလျှင် ဇီဝဒီဇယ် ဂါလန်၂၀ကျ ကြက်ဆူဆီကြိတ်စက်၊ လယ်ယာ-၁၆ လယ်ထွန်စက်နှင့် ထော်လာဂျီယာဉ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

အားသွန်ခွန်စိုက်

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်မြေခံ တပ်ရင်း ပတ္တမြားခန်းမ၌ ကျောက်မဲတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောက်မဲတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့မိသားစုများအတွက် အဝတ်အထည်နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းတို့က ခရိုင်နှင့် မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမှုများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တိုက်တွန်းမှာကြား

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတို့တွင် တိုးတက်အောင်မြင်မှုများ တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ပေးထားသော စီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆက်လက်ပြီး လက်တွဲညီညီ ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကြိုးပမ်းအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ် သာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စွမ်းအားရယူပြီး ဘက်စုံ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမှုအရ"ရေမြင့်လျှင်ကြာတင့်"ဆိုသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအပေါ် နိုင်ငံတော်မှ စေတနာထားပေးမှုကို တုံ့ပြန်သောအားဖြင့် ဌာနဆိုင်ရာများအနေဖြင့် ဌာနလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် အကြံကောင်း ဉာဏ်ကောင်းထုတ်၍ စေတနာထားကာ ကြိုးပမ်း ထမ်းဆောင်ရေးအတွက် အဆင့်ဆင့် အသိပညာပေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိရပ်ရွာလိုသဘောထားပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုပါ လေ့လာဆည်းပူးပြီး ပညာပေးပြသပေးခြင်း၊ လိုအပ်သည်များ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများသို့ အသိပေးခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၆-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	ကဗျာပန်းဥယျာဉ်
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ သတ္တဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၆း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၀	၆။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၂၀	၇။	**"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၂၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	အတီးပြိုင်ပွဲ
၁၈း၅၀	၁၂။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၀၀	၁၃။	အကပြိုင်ပွဲ
၁၉း၁၀	၁၄။	မြန်မာမှုပန်းဆယ်မျိုး
၁၉း၁၅	၁၅။	**"ထင်ရှားစွမ်းရည်အမျိုးသမီးဂုဏ်ရည်"**
၁၉း၃၀	၁၆။	ကြေးမုံရိပ်သွင်တေးနှယ်ဥ
၁၉း၄၅	၁၇။	စီးပွားတိုးတက် မြောင်ဘောကျေးလက်
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၂)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

World Blood Donor Day

ကမ္ဘာ့ သွေးလှူရှင်များနေ့

I'm.......and I Save Lives!

"မွန်မြတ်ဖြူစင် စေတနာရှင် သွေးလှူခြင်းဖြင့် အသက်ကယ်တင်"

၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ် ၂၆ ၁၈လမ်း လသာမြို့နယ်နေ မိခင်ဒေါ်ကျင်နု၏ (၈၃)နှစ်ပြည့် မွေးနေ့အလှူအတွက် သားသမီးမြေးတစ်စုကောင်းမှုက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဇန်ကောက်နိုင်ငံတကာလေဆိပ် မီးလောင်မှုဖြစ်ပွား

ဇန်ကောက် ဇွန် ၁၂

ဇန်ကောက်နိုင်ငံတကာ လေဆိပ်တွင် ဇွန် ၁၀ရက် နံနက်ပိုင်းက ခရီးသည်များ မှတ်ပုံတင်သည့် နေရာ၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အနည်းငယ်ပျက်စီး

မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လေဆိပ်တွင် အနည်းငယ် ပျက်စီးမှုရှိခဲ့ကြောင်း ထိုင်းလေကြောင်းကုမ္ပဏီ ဥက္ကဋ္ဌ ချိုတီဆက်က ပြောကြားသည်။

ဝါယာရှော့ဖြစ်

ခရီးသည်များ မှတ်ပုံတင်သည့်နေရာတစ်ခု၌ တပ်ဆင်ထားသော ကိရိယာမှ ဝါယာရှော့ဖြစ်၍ နံနက် ၇နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားရခြင်းဖြစ်သည်။

ယင်းနေရာတွင် မီးခိုးများဖြင့် ပြည့်နှက်နေပြီး ခရီးသည်များ မှတ်ပုံတင်သည့် လုပ်ငန်းများ အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း၊လူဝင်မှုကြီးကြပ်ရေးဌာနစိတ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သည်။

ယင်းလေကြောင်း ကုမ္ပဏီသည် ပျက်စီးမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်နှင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဒိုင်နိုဆောမျိုးစိတ်သစ်ကျောက်ဖြစ်ရုပ်ကြွင်း ဂျာမန်ပညာရှင်များ ရှာဖွေတွေ့ရှိ

လန်ဒန် ဇွန် ၁၂

ဂျာမန် သုတေသနပညာရှင်များသည် အရှည် ခြောက်မီတာရှိသော ဒိုင်နိုဆောမျိုးစိတ်အသစ်ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဗြိတိန်သိပ္ပံမဂ္ဂဇင်း နက်ချာတွင် ဇွန် ၈ရက်က ဖော်ပြထားသည်။

မျိုးစိတ်အသစ်

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟန်နိုဗာမြို့အနီးရှိ ကျောက်သတ္တုတွင်း၌ ဒိုင်နိုဆော အနည်းဆုံး ၁၀ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဘွန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့သည်။ စစ်ဆေးမှုများပြုလုပ်ပြီးနောက် ယခုတူးဖော်တွေ့ရှိခြင်းသည် မျိုးစိတ်အသစ်ဖြစ်နေကြောင်း တွေ့ရှိရသည်။

အကောင်အကြီးဆုံးအမျိုးအစား

သုတေသနပညာရှင်များက အရိုးများကို တွေ့ရှိချိန်တွင် ဒိုင်နိုဆောအကောင်ပေါက်မှ အရိုးများဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့သော် စစ်ဆေးမှုများအရ အရွယ်ရောက်ပြီး ဒိုင်နိုဆော တစ်ကောင်၏ အရိုးများတည်ဆောက်မှုကို တွေ့ခဲ့ရသည်။ ယင်းဒိုင်နိုဆောသည် အကောင်အကြီးဆုံး အမျိုးအစားတွင်ပါဝင်ပြီး အရှည်သည် ၆ ဒသမ ၂ မီတာရှိကာ အရိုးများသည် ကြီးထွားလျက်ရှိသည်။

ထပ်လောင်းပြောကြား

ယင်းဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းအရိုးများ တွေ့ရှိခဲ့သောနေရာသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၅၀ ခန့်က ဒိုင်နိုဆောများနေကြစဉ်အခါက ရေလွှမ်းမိုးမှုဆိုးဆိုးရွားရွားဖြစ်ခဲ့သည်ဟု ၎င်းပညာရှင်များကပြောကြားသည်။ ထို့အပြင် ဒိုင်နိုဆောများနေသော ကျွန်းများပေါ်တွင် အစားအစာရှားပါးနိုင်ကြောင်း ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အမေရိကန်နှင့် တောင်ကိုရီးယား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုနှင့် အမေရိကန်မှ အမဲသားများတင်သွင်းမှုကို ကန့်ကွက်ဆန္ဒပြနေသူများအား ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်မြောက်ပိုင်း၌လေဆိပ်အသစ်တည်ဆောက်မည်

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံမြောက်ပိုင်း မိုဟီဒေသတွင် လေဆိပ်အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုလကုန်ပိုင်းတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဇွန် ၁၀ ရက်က ဒေသဆိုင်ရာ အစိုးရသတင်းများအရ သိရသည်။

ယင်းလေဆိပ်သည် တရုတ်မြောက်ပိုင်းဒေသအတွက် လေဆိပ်ဖြစ်လာမည်ဖြစ်ပြီး တရုတ်–ရုရှားနယ်စပ်ဒေသမှ ကီလိုမီတာ ၁၀၀အကွာတွင် တည်ရှိမည်ဖြစ်သည်။ ယင်းလေဆိပ်တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြုပေးခဲ့သည်။ ၂၀၀၆–၂၀၁၀ပြည့်နှစ် ကာလအတွက် ဟေလုံကျန်ပြည်နယ်တွင် ယင်းလေဆိပ်စီမံကိန်းသည် အဓိကကျသော စီမံကိန်းတစ်ခုဖြစ်သည်။

ခန့်မှန်း

လေဆိပ် တည်ဆောက်ရေးအတွက် မြေနေရာ ရွေးချယ်မှုနှင့် အခြားပြင်ဆင်မှု လုပ်ငန်းများအား ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။ ယင်းလေဆိပ်အကျယ် အဝန်းသည် ၁ ဒသမ ၅၉ သန်း စတုရန်းမီတာရှိမည်ဖြစ်သည်။ ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃၅သန်း ရင်းနှီးမြှုပ်နှံရမည်ဟု ခန့်မှန်းထားသည်။

အသုံးပြု

ယင်းလေဆိပ်အား ၂၀၀၈ခုနှစ်တွင် စတင်အသုံးပြုသွားမည် ဖြစ်သည်။ ယခုလောလောဆယ်တွင် ယင်းဒေသသည် တရုတ်နိုင်ငံ၏ အခြား ဒေသများနှင့် မီးရထားဖြင့်သာ သွားလာနေကြရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စက်ရုပ်ဘောလုံးပြိုင်ပွဲ

စက်ရုပ်များ ယှဉ်ပြိုင်ကစားသည့် ဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်နေသည်ကို တွေ့ရစဉ်။ (အောက်ပုံ)

အီတလီနိုင်ငံမြောက်ပိုင်း ပါဒူရာမြို့တွင် နိုင်ငံတကာမှ စက်ရုပ်များ ဘောလုံးပြိုင်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ရာ နိုင်ငံအသီးသီးမှ စက်ရုပ်ဘောလုံး အသင်း၄၄၀ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဇွန် ၁၄ရက်၌ စတင်ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်မည့် စက်ရုပ်အသင်းများအနက် အနိုင်ရရှိသည့် အသင်းအား စက်ရုပ်ဖလားချီးမြှင့်မည် ဖြစ်သည်။ စက်ရုပ်ဘောလုံးပြိုင်ပွဲ ကျင်းပလာသည်မှာ ခုနစ်ကြိမ်မြောက် ရှိပြီဖြစ်ပြီး ယခုအခါ စက်ရုပ်ဘောလုံးအသင်းများ လေ့ကျင့်နေကြပြီဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ဂျာစီအကျီ

ကမ္ဘာ့အကြီးဆုံး ဂျာစီအကျီကြီးတစ်ထည်ကို ပြုလုပ်နေကြစဉ်။ (အပေါ်ပုံ)

ဂျာမနီနိုင်ငံ မြောက်ပိုင်း ဟမ်းဘတ်ဂ် မြို့လယ်တွင်ရှိသော နေအိမ်တစ်အိမ်၌ ဂျာစီအကျီပေါင်း ၄၉၇ ထည်ကို စုပေါင်း၍ ကမ္ဘာ့အကြီးဆုံး ဂျာစီအကျီကြီးတစ်ထည် အဖြစ်ရောက်ရှိအောင် အမျိုးသမီးများ စုပေါင်း ပြုလုပ်နေကြခြင်းဖြစ်သည်။

(အင်တာနက်)

သေနတ်ပစ်ခံရသဖြင့် အင်္ဂလန်၌နှစ်ဦးသေဆုံး

လန်ဒန် ဇွန် ၁၂

အင်္ဂလန်နိုင်ငံ မြောက်ပိုင်း မန်ချက်စတာမြို့တွင် သေနတ်နှင့်ပစ်ခတ်ခံရသောကြောင့် အသက် ၁၅ နှစ်ရှိ မိန်းကလေးတစ်ဦးနှင့် အသက်၁၈နှစ်ရှိ ယောကျ်ားလေးတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန်၁၀ရက်က ပြောကြားသည်။

မိန်းကလေး၏ ခေါင်းတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက် အိမ်အပြင်ဘက်၌ တွေ့ရှိခဲ့သည်ဟု ဘီဘီစီ သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျီ–၈ နိုင်ငံများ ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေး

စိန့်ပီတာစဘတ် ဇွန် ၁၂

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်လာစေရန်နှင့် စွမ်းအင်ဖူလုံမှုကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၏ဆွေးနွေးပွဲကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၀ ရက်၌ စတင်ဖွင့်လှစ်ခဲ့သည်။

မိန့်ခွန်းပြောကြား

နှစ်ရက်ကြာကျင်းပမည့် ဂျီ–၈ထိပ်သီးအစည်းအဝေး၌ ရုရှားသမ္မတပူတင်တက်ရောက်ကာ ဂျီ–၈နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများအား မိန့်ခွန်းပြောကြားခဲ့သည်။

ထို့အတူ ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်နေမှု၊ စွမ်းအင်ဖူလုံရန် အရေးတကြီး လိုအပ်လာမှုများက တစ်ကမ္ဘာလုံး စီးပွားရေး၏တိုးတက်မှုကို စိန်ခေါ်နေကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီး အလက်ဇီကူဒရင်က အစည်းအဝေး၌ ပြောကြားသည်။

ဆွေးနွေး

ထို့အပြင် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ရေးကိစ္စများလည်း ယခုအစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ရေနံတင်ပို့သည့်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂသို့ အဓိက ရေနံတင်ပို့သည့်နိုင်ငံလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

■ ရှေ့ဖုံးမှ

စောင့်ရှောက်ရန်နှင့် တရားမဝင် သစ်ခုတ်လှဲသူတို့အား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ပေး၍ သီးခြား ကျွန်းစိုက်ခင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သီးခြားကျွန်းစိုက်ခင်း အကွက်အမှတ်(၃၁)၌ စိုက်ခင်းဧက ၃၀၀ ကို တစ်ဧကလျှင် အပင် ၅၄၀ နှုန်းဖြင့် အပင်ပေါင်း ၁၆၂၀၀၀ ကို ၂၀၀၄ ခုနှစ်တွင် အေးရှားဝေါလ်ကုမ္ပဏီနှင့် ဒဂုံအင်တာနေရှင်နယ်လီမိတက်တို့က စိုက်ပျိုးခြင်းဖြစ်သည်။ ၂၀၀၅ခုနှစ်တွင် ကျွန်းစိုက်ခင်းဧက ၈၀၀ကို ဆက်လက်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်-မကွေးလမ်း၏ မိုင်တိုင်အမှတ် ၂၆/၄ရှိ ရန်ပယ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး ပရပ်ကြယ်ကျေးရွာ အနီးသို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများက သီးထပ်ရင်နှင့် ရွှေသွယ်ရင်စပါးမျိုး နွေစပါး၊ မိုးစပါးများစိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လယ်ယာများ တိုးချဲ့စိုက်ပျိုးကြပြီး လက်တွန်း ထွန်စက်များကို ကျေးရွာများ အလိုက် အသုံးပြုရေးနှင့် စက်သုံးဆီအတွက်ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ရန်ပယ်ရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ရန်ပယ်ရေလှောင်တမံသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးနေဒေါင်းနှင့် တာဝန်ရှိသူများက ဆည်ရေဝင်ရောက်မှုအခြေအနေနှင့်နွေစပါး၊ မိုးစပါးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆည်၏စီမံကိန်းစိုက်ဧကမှာ ၁၀၀၀၀ဖြစ်ပြီး ယခင်နှစ်က မိုးစပါးဧက ၈၇၀၀စိုက်နိုင်ခဲ့၍ ဧက ၁၃၀၀ လိုအပ်သေးကြောင်း၊ တိုးချဲ့နိုင်သည့် မြောင်းလက်တံများကို ကားလမ်းနှင့် ရထားလမ်း အနောက်ဘက်သို့တိုးချဲ့၍ ဧက ၁၀၀၀၀ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားကာ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရန်ပယ်ရေလှောင်တမံ စီမံကိန်းသည် တောင်တွင်းကြီးမြို့နယ် ရန်ပယ်ချောင်းအတွင်းစီးဆင်းလာသော ရေကိုသိုလှောင်၍ စိုက်ပျိုးရေးကိုအကျိုးရှိရှိ အသုံးချလျက် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နေသော အထူးစီမံကိန်းဖြစ်ပြီး စိုက်ပျိုးမြေဧရိယာဧက ၁၀၀၀၀ ကို ဆည်ရေ ပေးဝေနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး ရန်ကုန်-ပြည်-မန္တလေးလမ်းရှိ မိုင်တိုင် ၂၆၃/၁၌ တည်ဆောက်ထားသည့် မြန်မာ့စားသောက်ကုန်လုပ်ငန်းပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ စီမံကိန်း(ရန်ပယ်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသည့် ခြံစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရုံသည် ပြည်တွင်း၌ ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီဖူလုံစေရေးကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးရန်နှင့် ကော်မှုန့်အခြေခံသော စက်မှုလက်မှုလုပ်ငန်းများအတွက် ကော်မှုန့်ကုန်ကြမ်းဖြည့်ဆည်းပေးရန်၊ ပြောင်းဖူးဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစားအစာအဖြစ် ထုတ်လုပ်နိုင်ရန်၊ ကျွမ်းကျင်မှုနည်းပညာသစ်များ တိုးပွားလာစေရန်၊ ဒေသအလိုက် အလုပ်အကိုင်သစ်များ ပေါ်ထွန်းလာရန်နှင့် ပြည်တွင်း၊ ပြည်ပဝင်ငွေများရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး-ပြည်လမ်း မိုင်တိုင် ၂၅၈ရှိ တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်း ခြံစည်းရိုးကြက်ဆူပင် သုံးဧကစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်တွင်းကြီး-ပြည်လမ်း၏ စစ်အောင်ကျေးရွာ မိုင်တိုင် ၂၂၉ရှိ သရက်ခရိုင် အောင်လံမြို့နယ်၏ ဌာနဆိုင်ရာစုပေါင်းစိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင် ၂၂၆/၂ရှိ အရှည် ၃၀၆ ပေရှည်သော ကြေးနီ ချောင်းတံတားသို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဘွက်ကြီးတံတား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင် ၂၁၂ ရှိ ဘွက်ကြီးတံတားစီမံကိန်းသို့ ရောက်ရှိကြပြီးတံတားတည်ဆောက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် ရန်ကုန်-မကွေး လမ်းမကြီးပေါ်၌ အရေးပါသော တံတားတစ်စင်းဖြစ်ပြီး တံတားတစ်ခုလုံး၏ အရှည်သည် ပေ၁၇၇၀ ရှိကာ တံတားအမြန်ဆုံး တည်ဆောက်ပြီးစီးရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရုပ်ရှင်နှင့်ဗီဒီယိုလောကအတွက် ယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများပြားနေ ပရိသတ်များ နေအိမ်တွင် မခံစားနိုင်သော ရသကို ရုပ်ရှင်ရုံများကပေးနိုင် အရည်အသွေးကောင်းကောင်းရုပ်ရှင် ပေါ်ထွက်လာရန် ရင်းနှီးမှုများပြား စုပေါင်းရင်းနှီးမြှုပ်နှံ ရိုက်ကူးလျှင် အဆင့်အတန်းမြင့် ဇာတ်ကားပေါ်ထွက်မည်

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားတက်ရောက်

အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အခြေခံအလွှာအသီးသီးမှ အခြေခံအလွှာ အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည် အခမ်းအနားများကို ကျင်းပခဲ့သော်လည်း ယခုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအသစ် တာဝန်ယူသည့် ယခုနှစ်ပတ်လည် အခမ်းအနားက ပို၍ အလုပ်သဘောဆောင်နေကြောင်း၊ နောင်နှစ်များတွင်လည်း ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားရန်လိုကြောင်း။

တိုးတက်ကောင်းမွန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဖွံ့ဖြိုးတိုးတက်စေရန် အားနည်းချက်၊ အားသာချက်များကိုသုံးသပ်ပြီး နောင်နှစ်တွင် လုပ်ငန်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်မှန်းချက် (၅)ရပ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ရာ ယင်းရည်မှန်းချက်(၅)ရပ်အောင်မြင်စေရန် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံချက် (၁၂)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ယင်းသို့ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များချမှတ်ထားခြင်းမှာ ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများဖွံ့ဖြိုးတိုးတက်စေရေးအကျိုးအတွက် ချမှတ်ပေးထားခြင်း ဖြစ်ကြောင်း။

စုပေါင်းရင်းနှီးမြှုပ်နှံ

ရုပ်ရှင်လောကတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်းနေသေးသည်ကိုတွေ့ရကြောင်း၊ ရုပ်ရှင်ကား တစ်ကား အဆင့်အတန်းမြင့်မြင့်၊ အရည်အသွေး ကောင်းကောင်းဖြင့် ပေါ်ထွက်လာရန်အတွက် ရင်းနှီးမြှုပ်နှံမှုများပြားကြောင်း၊ ယင်းအခက်အခဲကို ပြေလည်စေရန် ရုပ်ရှင်လောကသားများ စုပေါင်းရင်းနှီးမြှုပ်နှံပြီး ရိုက်ကူးလျှင် အဆင့်အတန်းမြင့်မြင့်နှင့် အရည်အသွေးကောင်းမွန်သည့် ရုပ်ရှင်ကားများ ပေါ်ထွက်လာမည် ဖြစ်ကြောင်း။

ယခုအခါရုပ်ရှင်နှင့်ဗီဒီယိုလောကအတွက် ယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများ များပြားနေကြောင်း၊ ယင်းယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများတွင် ရုပ်ရှင်နှင့်ဗီဒီယိုကြည့်ပရိသတ်များ မိမိတို့နေအိမ်တွင် မခံစားနိုင်သည့်ရသကို ရုပ်ရှင်ရုံများက ပေးနိုင်သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ ရုပ်ရှင်လောကသားများ အနေဖြင့် မိမိတို့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒဘောင်အတွင်းက ကြိုးစားသွားရမည် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ယင်းသို့ ကြိုးစားဆောင်ရွက်ရာတွင် အခက်အခဲများ၊ ဝိရောဓိများရှိမည်ဖြစ်ကြောင်း၊ ယင်းအခက်အခဲနှင့် ဝိရောဓိများကို အတ္တပရ မျှတမှု၊ ဖွဲ့လုံ့လရှိမှု၊ စည်းလုံးညီညွတ်မှု၊ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှုများဖြင့် ပူးပေါင်းဆောင်ရွက်သွားလျှင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်ဦး (စနိုးပိုက်)က ဖတ်ကြားတင်ပြပြီး နှစ်ပတ်လည်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

ပြည်သူ့နယ်ပယ်ဖလှယ်စကားဝိုင်း တိုင်းပြည်အနံ့ ခရီးဆန့်

လက်ရှိချန်ပီယံဘရာဇီး ခရိုအေးရှားကို ဂိုးမည်မျှသွင်းပြီး အနိုင်ယူမလဲ တောင်ကိုရီးယားနှင့်တိုဂို၊ ပြင်သစ်နှင့်ဆွစ်ဇာလန် အဖြေရှာရန်ခက်သည်

ရန်ကုန် ဇွန် ၁၂

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိရာ နာမည်ကြီးအသင်းများဖြစ်ကြသော ဂျာမနီ၊ အင်္ဂလန်၊ အာဂျင်တီးနား၊ နယ်သာလန်(ဟော်လန်)နှင့် ပေါ်တူဂီတို့ ပွဲဦးထွက်၌ အနိုင်ပွဲများရရှိခဲ့ကြသည်။ လက်ရှိချန်ပီယံဘရာဇီးနှင့်ပြင်သစ်တို့ နိုင်ပွဲရမည်လားစောင့်ကြည့်ရမည်ဖြစ်သည်။ ဇွန် ၁၃ ရက်နှင့် ၁၄ရက်တို့တွင် အုပ်စု(စ)နှင့် အုပ်စု(ဆ)ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြန်မာ့အလင်းဘောလုံးဝါသနာအိုးများအတွက် ပွဲကြိုသုံးသပ်ချက်ကို ဆက်လက်ဖော်ပြလိုက်ပါသည်။

ဘရာဇီးနှင့်ခရိုအေးရှား

ဇွန် ၁၄ရက် (မနက်ဖြန်) မြန်မာစံတော်ချိန်နံနက် ၁နာရီခွဲတွင် ဘာလင်မြို့ရှိ Olympia Stadiom အားကစားကွင်း၌ အုပ်စု(စ)မှ ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ လက်ရှိချန်ပီယံဘရာဇီးနှင့် ဘော်လ်ကန်ဒေသမှ ခရိုအေးရှားတို့၏ ပွဲစဉ်မှာ ဘောလုံးရသကို ပေးစွမ်းနိုင်သည့်ပွဲကောင်းတစ်ပွဲဖြစ်၍ မလွတ်တမ်းစောင့်ကြည့်ကြရမည်ဖြစ်သည်။ ယခုပွဲစဉ်ကို မက္ကဆီကိုဒိုင်လူကြီး ဘီနီတိုအာချန်ဒီယာ တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြောင်းပြောလျှင် ဘရာဇီးအသင်းအကြောင်းက မပါမပြီးသည့် အနေအထားဖြစ်သည်။ကမ္ဘာ့ဖလားချန်ပီယံဆုငါးကြိမ် ဆွတ်ခူးထားပြီး ခြေစစ်ပွဲမအောင်သည့်အကြိမ် မရှိဟူသော စံချိန်တင်ထားသည်။ ဘရာဇီးအသင်းသည် ယခုပြိုင်ပွဲ၌လည်း ဗိုလ်စွဲနိုင်သည်ဟု ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။ ဥရောပမြေ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သည့် တောင်အမေရိကတိုက်မှ အသင်းဟူ၍ ဘရာဇီးသာလျှင်ရှိရာ ဂျာမနီမြေပေါ်၌အောင်ပွဲခံနိုင်ဦးမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုပြိုင်ပွဲဝင် ဘရာဇီးအသင်းသည် ၂၀၀၂ကမ္ဘာ့ဖလား၌ ချန်ပီယံဆွတ်ခူးခဲ့သည့်ဘရာဇီးအသင်းထက် ပိုမိုတောင့်တင်းသည်ဟု သုံးသပ်ချက်များရှိသည်။ ဘရာဇီးအသင်းသည် တောင်အမေရိကတိုက် ခြေစစ်ပွဲစဉ်များ အုပ်စုပထမရရှိပြီး ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၈ပွဲကစားရာတွင် ကိုးပွဲနိုင်၊ ခုနစ်ပွဲ သရေ၊ နှစ်ပွဲရှုံးခဲ့သည်။

အယ်လ်ဘာတိုပါရဲရား

ဘရာဇီးနည်းပြ ကာလို့စ်အယ်လ်ဘာတိုပါရဲရားသည် ၁၉၉၄ ကမ္ဘာ့ဖလားပွဲတွင် ဘရာဇီးအသင်းကို ချန်ပီယံဆု ရယူပေးခဲ့သူဖြစ်ပြီး တစ်ကျော့ပြန် တာဝန်ယူ ကိုင်တွယ်ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ကူဝိတ်၊ ဘရာဇီး၊ ဆော်ဒီအာရေဗျတို့ကို တာဝန်ယူခဲ့ဖူးသော အတွေ့အကြုံရင့် နည်းပြတစ်ဦး ဖြစ်သည်။ နည်းပြ ပါရဲရားသည် တိုက်စစ်အားသန်သူဖြစ်ပြီး ဘရာဇီးအသင်းကို ၄-၁-၃-၂ ပုံစံ လူနေရာချထားမှုဖြင့် ခင်းကျင်းပုံဖော်လေ့ရှိသည်။ ရှေ့တန်း၌ ရော်နယ်လ်ဒို (ရီးရဲမက်ဒရစ်)၊ အက်ဒရီယာနို (အင်တာမီလန်) တို့ကို ထားပြီး အလယ်တန်း၌ ရော်နယ်ဒင်ဟို (ဘာစီလိုနာ)၊ ဇီရောဘတ်တို (ဘေယန်မြူးနစ်)၊ ကာကာ (အေစီမီလန်)တို့ကို အသုံးပြုလေ့ရှိသည်။

ဘရာဇီးနောက်တန်း၌ ရော်ဘတ်တိုကားလို့စ်(ရီးရဲမက်ဒရစ်)၊ ကာဖူး (အေစီမီလန်)၊ စီစင်ဟို(ရီးရဲမက်ဒရစ်)၊ လူစီယို (ဘေယန်မြူးနစ်)တို့ ပါဝင်ကစားဖွယ်ရှိသည်။ ဂိုးသမား ဒီဒါ (အေစီမီလန်) တာထွက်အသင်း၌ ပါဝင်လာမည်ဖြစ်သည်။ ဘရာဇီးအသင်းတွင် ကမ္ဘာကျော်တိုက်စစ်မှူးများ ပါဝင်နေရာ ဂိုးသွင်းစွမ်းရည်ရှိပြီး တိုက်စစ်အားကောင်းသည်။ ရှေ့၊လယ်၊ နောက် နေရာစုံ၌ အရန် အင်အားကလည်း အထူးတောင့်တင်းသည်။ အသက် ၃၀ကျော် ကာဖူးနှင့်ကားလို့စ်တို့ ယခင်လောက်လျှင်မြန်မှုနှင့် အတက်အဆင်း ကစားနိုင်ပါ့မလားဆိုသော အချက်တစ်ခုပဲ စဉ်းစားစရာရှိသည်။ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပွဲ၌ ပွဲဦးထွက်တွင် ဥရောပအသင်းများနှင့် ဆုံတွေ့လေ့ရှိပြီး ဂိုးမပြတ်သော်လည်း အနိုင်ရခဲ့သည်ချည်းပင်ဖြစ်သည်။

ခရိုအေးရှား

ခရိုအေးရှား အသင်းသည် ကမ္ဘာ့ဖလားပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့်အကြိမ် အရေအတွက်အားဖြင့်နည်းသော်လည်း အောင်မြင်မှုအရကြည့်လျှင် ကောင်းမွန်သည်။ ၁၉၉၈ ကမ္ဘာ့ဖလားပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရာ

ဘရာဇီးအသင်းနည်းပြပါရဲရား

တတိယရရှိခဲ့ပြီး တိုက်စစ်မှူး ဒေဗာဆူကာသည်လည်း ဂိုးအများဆုံး သွင်းသူဆု(ရွှေဖိနပ်ဆု)ရရှိခဲ့သည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ ယူဂိုဆလားဗီးယားမှ သီးခြားခွဲထွက်ခဲ့သည့် နိုင်ငံများအနက် ခရိုအေးရှားသည် ကမ္ဘာ့ဘောလုံးစင်မြင့်ထက်၌ တာထွက်ကောင်းခဲ့သောအသင်း ဖြစ်သည်။ ခရိုအေးရှားအသင်းသည် ဥရောပဇုန် အုပ်စု(၈)၌ ပါဝင်ပြီး ဆွီဒင်၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ၊ အိုက်စလန်၊ မော်လ်တာတို့နှင့် ခြေစစ် ပွဲစဉ်များ ယှဉ်ပြိုင် ကစားခဲ့ရသည်။ ၁၀ပွဲကစားခဲ့ရာတွင် ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ရှုံးပွဲမရှိဘဲ အုပ်စုပထမဖြင့် တိုက်ရိုက် ခြေစစ်ပွဲအောင်မြင်လာ ခြင်းဖြစ်သည်။

ခရိုအေးရှား အသင်းနည်းပြ ဇလတ် ကိုကာရန်ဂျိကာသည် ယူဂိုဆလား ဗီးယားလက်ရွေးစင် ဖြစ်ခဲ့ပြီး ခရိုအေးရှားအသင်း၏ အသင်းခေါင်းဆောင် အဖြစ် ကစားခဲ့သူဖြစ်သည်။ ယူရို-၂၀၀၄ ပြိုင်ပွဲမှစတင်၍ ခရိုအေးရှားအသင်းကို ကိုင်တွယ်ခဲ့ပြီး ကမ္ဘာ့ ဖလားခြေစစ်ပွဲစဉ်များ၌ ရှုံးပွဲမရှိ အောင် စွမ်းဆောင်နိုင်ခဲ့သည်။ နည်းပြ ကာရန်ဂျိကာသည် ခရိုအေးရှားအသင်းကို ၄-၄-၂ ပုံစံလူနေရာချထားပြီး ရှေ့တန်း၌ ကလာစနစ်(ဝါဒါဘရီမင်)၊ ဒါဒိုပါဆို(ရိန်းဂျားစ်)တို့ကို ဦးစားပေး သုံးလေ့ရှိသည်။ အလယ်တန်း၌ ဆာနာ(ရှက်တာဒိုးနက်)၊ အိုလစ်(CSKAမော်စကို)၊ စရန်ကာ(ဟတ်ဒတ်စပလစ်)၊ ဘာဘစ်(လေဗာကူဆင်)တို့ ပါဝင်နိုင်သည်။ နောက်တန်း၌ တူဒေါ(ဆီနာ)၊ ရောဘတ်ကိုဗက်(ဂျူဗင်တပ်)၊ ဆီမြူနစ်(ဟာသာဘာလင်)၊ဆီမစ်(အေစီမီလန်)တို့ကိုထားပြီး ဂိုးသမား ပလက်တီကိုဆာ(ဟတ်ဒတ်စပလစ်)ကို သုံးနိုင်သည်။

ဘရာဇီးနှင့် ခရိုအေးရှားတို့ ၂၀၀၅ ခုနှစ်က ခြေစမ်းကစားခဲ့ကြရာ တစ်ဂိုးစီ သရေကျခဲ့သည်။ ခရိုအေးရှားသည် ကမ္ဘာ့ဖလားအကြို ခြေစမ်းပွဲ၌ အာဂျင်တီးနားကိုအနိုင်ရအောင်ကစားထားသည်။ ကမ္ဘာ့အဆင့်(၁) ဘရာဇီးနှင့် ကမ္ဘာ့အဆင့် (၂၄) ခရိုအေးရှားတို့ ခြေစွမ်းကွာခြားမှု ရှိသည်ကတော့ အမှန်ပင်။ ဘရာဇီးအသင်းက ပွဲဦးထွက်၌ ဂိုးသွင်းအား မကောင်းလှဘဲ ထိန်းကစားမှုကြောင့် ပွတ်ကာ သီကာပဲ အနိုင်ရလေ့ရှိသည်။ ခရိုအေးရှားအသင်းကလည်း အုပ်စု(စ)၌ ဘရာဇီးပြီးလျှင် အတောင့်တင်းဆုံး ဖြစ်ရာ သရေလောက်ကျလျှင်ပင် အခြေအနေကောင်းသည်။ ဘရာဇီးအနိုင်ရမည်ကို သံသယမဖြစ်မိသော်လည်း ဂိုးပြတ်နိုင်မည့်ပွဲတော့ဖြစ်မလာနိုင်ဟု သုံးသပ်ချင်သည်။

တောင်ကိုရီးယားနှင့် တိုဂို

ဇွန်၁၃ရက်**(ယနေ့)**မြန်မာစံတော်ချိန်ည၇နာရီခွဲတွင် ဖရန့်ဖတ်မြို့ရှိ Commerzbank Arenaအားကစားကွင်း၌အုပ်စု(ဆ)မှ တောင်ကိုရီးယားအသင်းနှင့် တိုဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ယခုပွဲစဉ်ကို အင်္ဂလန် ဒိုင်လူကြီး ဂရေဟမ်ပူးလ် တာဝန်ယူဆောင်ရွက်မည် ဖြစ်သည်။ အာရှတိုက်မှ အောင်မြင်မှု အရှိဆုံး တောင်ကိုရီးယားအသင်းနှင့် အာဖရိကတိုက်မှ မျက်နှာသစ်တိုဂို အသင်းတို့၏ ပွဲစဉ်မှာ ခွန်အားကို ဦးစားပေးမည့် ပွဲဖြစ်၍ အကြိတ်အနယ် ရှိလာမည်ဖြစ်သည်။

တောင်ကိုရီးယားအသင်းသည် ၂၀၀၂ကမ္ဘာ့ဖလားပွဲကို ဂျပန်နှင့်ပူးတွဲ၍ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ စတုတ္ထရရှိခဲ့သည်။ အာရှတိုက်အသင်းများအနက် ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှုအရှိဆုံး အသင်းအဖြစ်မှတ်တမ်းရှိထားသလို တောင်ကိုရီးယား အားကစားသမားများ ဥရောပ၌ ခြေစွမ်းပြနိုင်ကြသည်။ ပက်ဂျီဆန်(မန်ယူ)နှင့် လီယောင်ပျို(စပါး)တို့ ပရီမီယာရှစ်၌ တန်းဝင်ကစားသမားများဖြစ်နေသည်။ တောင်ကိုရီးယားအသင်းသည် ခြေစစ်ပွဲစဉ်များ၌ ခြေစွမ်းကျဆင်းမှုရှိသော်လည်းခြောက်ကြိမ်ဆက်တိုက် ပါဝင်ယှဉ်ပြိုင် ခွင့်ရရှိခဲ့သည်။ အာရှဇုန်ခြေစစ်ပွဲစဉ် ဒုတိယအဆင့်၌ ဆော်ဒီအာရေဗျ၊ ဥဇဘက်ကစ္စတန်၊ ကူဝိတ်တို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီး ဆော်ဒီအာရေဗျအောက် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ခြောက်ပွဲကစားရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့သည်။

တောင်ကိုရီးယားနည်းပြအက်ဒ်ဗိုကတ်သည် ဟော်လန်နိုင်ငံသားဖြစ်ပြီး ယူရို-၂၀၀၄ ပြိုင်ပွဲဝင်ဟော်လန်(နယ်သာလန်)အသင်းကို တာဝန်ယူခဲ့သည်။ နည်းပြအက်ဒ်ဗိုကတ်သည် နည်းဗျူဟာပိုင်း၌ ဆရာကြီးအဆင့်ဟု သတ်မှတ်ခြင်းခံရပြီး ပြတ်သားရဲရင့်စွာ တာဝန်ယူတတ်သူဖြစ်သည်။ တောင်ကိုရီးယားအသင်းကို ၄-၃-၁-၂ပုံစံလူနေရာချထားပြီး တိုက်စစ်ဦးစားပေးကစားစေသည်။ တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလား အကြို နောက်ဆုံးခြေစမ်းပွဲသုံးပွဲ ကစားခဲ့ရာ ဘော့စနီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၊ နော်ဝေနှင့် ဂိုးမရှိသရေ၊ ဂါနာကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ၂၀၀၂ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပိုလန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိ၊ အီတလီကို နှစ်ဂိုး-တစ်ဂိုး၊ စပိန်ကို (ပယ်နယ်တီ)ငါးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

တိုဂိုအသင်း

တိုဂိုအသင်းသည် ၁၉၇၄ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ခြေစစ်ပွဲအောင်မြင်ခြင်းမရှိဘဲ ယခုတစ်ကြိမ်မှ ပထမဆုံး ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်၌ ဆီနီဂေါအသင်းကို ကျော်လွှားကာ ခြေစစ်ပွဲအောင်လာခြင်းဖြစ်၍ မျက်နှာသစ်ဆိုသော်လည်း လျှော့တွက်၍မရပေ။ အဒီဘေယာ (အာဆင်နယ်)မှလွဲလျှင် ကျန်ကစားသမားများ နာမည်ကျော်ကြားခြင်းမရှိသော်လည်း အသင်းလိုက်စုစည်းမှု အားကောင်းသည်။ တိုဂိုအသင်း၏ နည်းပြမှာ ဝင်ဖရေးရှတ်ဖာဖြစ်သည်။

တိုဂိုအသင်းသည် အာဖရိကဇုန် အုပ်စု(က)၌ ဆီနီဂေါ၊ ဇမ်ဘီယာ၊ ကွန်ဂို၊ မာလီ၊ လိုင်ဘေးရီးယားတို့နှင့် ခြေစစ်ပွဲစဉ်များ ကစားခဲ့ရသည်။

ခရိုအေးရှားအသင်းနည်းပြ ဇလတ်ကိုကာရန်ဂျိကာ

၁၀ပွဲကစားရာတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၃မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပွဲအကြိုနောက်ဆုံး ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ လက်ချင်စတိန်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂါနာကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဆော်ဒီအာရေဗျကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။ တိုဂိုအသင်းသည်အာရှတိုက်မှ ခြေစစ်ပွဲအောင် အီရန်နှင့် ဆော်ဒီအာရေဗျတို့ကို ခြေစမ်းပွဲ၌ ရှုံးထားသည်။

တောင်ကိုရီးယားနှင့် တိုဂိုတို့ ယခင်က တွေ့ဆုံ ကစားခဲ့ဖူးခြင်းမရှိပေ။ တောင်ကိုရီးယား၏လက်ရှိကမ္ဘာ့အဆင့် ၂၉နှင့် တိုဂို၏လက်ရှိကမ္ဘာ့အဆင့်မှာ ၆၁ဖြစ်သည်။ ယခုပြိုင်ပွဲ၌ အာဖရိကတိုက်မှအသင်းများ ခပ်ညံ့ညံ့မဟုတ်ကြောင်း မြင်ကြရပြီဖြစ်သည်။ ထရီနီဒက်နှင့်တိုဘာဂိုအသင်းက ဆွီဒင်ကိုသရေကစားခဲ့သည်။ အင်ဂိုလာနှင့်အိုင်ဗရီကို့စ်တို့ ရှုံးသော်လည်းဂိုးမပြတ်ကြပေ။တောင်ကိုရီးယားသည် အိမ်ရှင်ဖြစ်ခဲ့စဉ်က ခြေစွာ သော်လည်း ယခုပြိုင်ပွဲ၌ ထိုရလဒ်မျိုးပြန်ရနိုင်ပါ့မလား မေးစရာဖြစ်နေသည်။ တိုဂိုအသင်းက ခပ်ကြမ်းကြမ်း အဝင်အထွက်ရဲရဲ ကစားမှုကို တောင်ကိုရီးယားတို့ အတော်ထိန်းယူရလိမ့်မည်။ သရေပွဲဖြစ်ရန် များနေပြီး နိုင်ချင်းနိုင်လျှင် တိုဂိုပဲ ဖြစ်မည်ဟု ထင်ပါသည်။

ပြင်သစ်နှင့် ဆွစ်ဇာလန်

ဇွန်၁၃ရက်(ယနေ့)မြန်မာစံတော်ချိန်ည၁၀နာရီခွဲတွင် စတုဂတ်မြို့ရှိ Gottlieb-Daimler-Stadiomအားကစားကွင်း၌အုပ်စု(ဆ)မှ ပြင်သစ်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ၁၉၉၈ကမ္ဘာ့ဖလားချန်ပီယံပြင်သစ်နှင့် ဆွစ်ဇာလန်အသင်းတို့ပွဲမှာ ခြေစစ်ပွဲစဉ်၌ တွေ့ဆုံသောနှစ်သင်း ပြန်လည်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ယခုပွဲစဉ်ကို ရုရှားဒိုင်လူကြီး အိုင်ဗာနော့ဗ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် အသင်းငယ်လေး ဆီနီဂေါကိုရှုံးပြီး အုပ်စုပထမအဆင့်မှလှည့်ပြန်ခဲ့ရသော ပြင်သစ်အသင်းကို ရေပန်းစားသည့် အသင်းများထဲ၌ မထည့်ကြသည်မှာ အံ့သြစရာဖြစ်သည်။ ပြင်သစ်အသင်း၌ ပါဝင်နေကြသော ကစားသမားများကို ကြည့်လျှင် မည်သည့် အသင်းကိုမဆို ပခုံးချင်းယှဉ်နိုင်သောအဆင့်မှာရှိသည်။ သို့သော်လည်း ၂၀၀၂ခုနှစ်က အရိပ်မည်းကြီးနှင့် ခြေစစ်ပွဲစဉ်များ၌ ခြေစွမ်းမပြနိုင်ခဲ့ခြင်းကြောင့် ရေပန်းမစားခြင်းဖြစ်သည်။ ပြင်သစ်နည်းပြ ဒိုမီနစ်သည် ဇီဒန်း၊ ဗီယာရာ၊ အွန်နရီ၊ ထရက်ဇီဂေး၊ ဂါးလက်စ်၊ ဆစ်စီ၊ အနယ်ကာတို့ကို မွေးထုတ်ပေးခဲ့သူဖြစ်သည်။ ယူရို-၂၀၀၄အပြီးတွင် ပြင်သစ်အသင်းကို တာဝန်ယူခဲ့ပြီး အနားယူသွားခဲ့ကြသည့် ဇီဒန်း၊ သူရမ်နှင့် မက်ခီလီလီတို့ကို ပြန်လည်ခေါ်ယူကာ အသင်းကို တည်ဆောက်ခဲ့သည်။

ပြင်သစ်အသင်းသည် ဥရောပဇုန်(ဃ)၌ပါဝင်ပြီးဆွစ်ဇာလန်၊အစ္စရေး၊ အိုင်ယာလန်၊ ဆိုက်ပရပ်စ်၊ ဖာရိုးကျွန်းစုများအသင်းတို့နှင့် ခြေစစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရသည်။ ခြေစစ်ပွဲ၌ ၁၀ပွဲကစားရာတွင် ငါးပွဲနိုင်၊ ငါးပွဲသရေကျပြီး အမှတ်(၂၀)ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားအကြိုနောက်ဆုံးခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တရုတ်ကို သုံးဂိုး-တစ်ဂိုး၊ ဒိန်းမတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မက္ကဆီကို တစ်ဂိုး-ဂိုးမရှိဖြင့် သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။ ပြင်သစ်အသင်းမှ တိုက်စစ်မှူး ဆစ်စီသည် တရုတ်နှင့် ခြေစမ်းပွဲတွင် ခြေထောက်ကျိုးသွား၍ ဂိုဖူး(လိုင်ယွန်)ကို အစားထိုး ခေါ်ယူခဲ့သည်။ ပြင်သစ်အသင်းမှ အွန်နရီ(အာဆင်နယ်)မှာ အကောင်းဆုံး ခြေစွမ်းရှိနေပြီး ဂိုးအများဆုံးသွင်းသူဖြစ်နိုင်သည်ဟု ထင်ကြေးပေးခြင်းခံနေရသည်။

ဆွစ်ဇာလန်အသင်း

ဆွစ်ဇာလန်အသင်းသည် နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲ မအောင်မြင်ဘဲ ယခုနှစ်မှ တစ်ကျော့ပြန် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ဆွစ်ဇာလန်၏ခြေစွမ်းသည် ဥရောပအသင်းများအနက် သာမန်မျှသာရှိပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ၌လည်း အောင်မြင်မှု မြင့်မြင့်မားမား မရှိခဲ့ချေ။ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် ပြင်သစ်အသင်းကို အဝေးကွင်း၌ ဂိုးမရှိသရေ၊ အိမ်ကွင်း၌ တစ်ဂိုးစီသရေ ကစားနိုင်ခဲ့သည့်အတွက် ယခုပွဲ၌ ပြင်သစ်ကို ရှိန်နေမည်မဟုတ်ပေ။ အုပ်စု(ဃ)၌ ပြင်သစ်အသင်း၏ အောက် ဒုတိယနေရာရရှိသဖြင့် တူရကီအသင်းနှင့် Play-Offပွဲစဉ် ယှဉ်ပြိုင်ကစားရာမှ ခြေစစ်ပွဲအောင်မြင်လာခြင်း ဖြစ်သည်။

ဆွစ်ဇာလန်အသင်းနည်းပြ ကိုဘီခန်းသည် ဆွစ်ဇာလန်လက်ရွေးစင်အဖြစ် ပွဲပေါင်း ၆၃ပွဲကစားခဲ့သူဖြစ်သည်။ ယူရို-၂၀၀၄ တွင် ဆွစ်ဇာလန်ကို အုပ်စုအဆင့်မှ ကျော်အောင် မစွမ်းဆောင်နိုင်သော်လည်း ယခုပြိုင်ပွဲ၌ အုပ်စုအနေအထားအရ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်အောင် လုပ်ပြနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။ ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလားအကြိုနောက်ဆုံးခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ တရုတ်ကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အီတလီနှင့် တစ်ဂိုးစီသရေ၊ အိုင်ဗရီကို့စ်နှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ ဆွစ်ဇာလန်အသင်း၏ အမာခံကစားသမားများမှာ ဖရိုင်း(ရိန်းစ်)၊ ဗိုဂျယ်(အေစီမီလန်၊ ဆန်းဒရို့စ်(အာဆင်နယ်)တို့ဖြစ် ကြသည်။ တိုက်စစ်မှူး ဗွန်လန်သန် ဒဏ်ရာရသွား၍ ဟာကန်ယာကင်အား အစားထိုးခေါ်ယူထားသည်။

သင်ခန်းစာရ

ပြင်သစ်နှင့် ဆွစ်ဇာလန်တို့ ခုနစ်ကြိမ် ဆုံတွေ့ခဲ့ဖူးရာ ပြင်သစ်က သုံးပွဲနိုင်၊ ဆွစ်ဇာလန်က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျခဲ့သည်။ ပြင်သစ်၏ လက်ရှိကမ္ဘာ့အဆင့်(၈)၊ ဆွစ်ဇာလန်၏ လက်ရှိကမ္ဘာ့အဆင့်(၃၅)ဖြစ်သည်။ ခြေစစ်ပွဲစဉ်က နှစ်ပွဲစလုံး သရေကျခဲ့သော်လည်း ယခုပွဲ သရေနှင့် အဆုံးသတ်သွားမည်မထင်ပေ။ ပြင်သစ်အသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားသင်ခန်းစာရခဲ့ပြီဖြစ်ရာ ဂိုးရရှိရေးအတွက် ပြင်ဆင်ထားမည်ဖြစ်သည်။ ဆွစ်ဇာလန်အသင်းမှာ အသင်းလိုက်စုစည်းမှုကောင်းသော်လည်း တစ်ဦးချင်းစွမ်းရည် မြင့်မားသူများ မပါဝင်၍ မမျှော်လင့်သော ရလဒ်များလုပ်ပြနိုင်မည် မထင်ပေ။

ပြင်သစ်အလယ်တန်းမှ ဇီဒန်း၊ ဗီယာရာ၊ မက်ခီလီလီတို့ကို နောက်တန်းမှ သူရမ်က အားဖြည့်ပေးမည်ဖြစ်သည်။ ရှေ့တန်းမှ အွန်နရီ၊ ထရက်ဇီဂေး၊ ဝီးလ်တော့၊ ရီဘာရီတို့ အားလုံးဂိုးသွင်းကောင်းသူများဖြစ်သည်။ နောက်တန်းမှ ဂါးလက်စ်(ချယ်လ်ဆီး)က တိုက်စစ်အားသန်ပြီး ဆီဗက်စတာ(မန်ယူ)ကလည်း ဖျက်အားကောင်းသည်။ ဂိုးသမားနေရာ၌ ဘားသက်ဇ်(မာဆေး)ကို ပထမ ဦးစားပေးနေရာထားမည်ဟု ဆိုနေသည်။ ပြင်သစ်တို့ ပွဲဦးထွက် ခြေစွမ်းပြပြီး အနိုင်ကစားမည်ဟု ထင်မြင်မိကြောင်း ပွဲကြိုအဖြစ်သုံးသပ်ဖော်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ - ကိုထွေး

စစ်တောင်းတံတား(မုပ္ပလင်)ကို မိမိတို့၏ နည်းပညာဖြင့်တည်ဆောက် ပြီးစီးသွားပါက ဆက်စပ်ပြည်နယ်နှင့်တိုင်းတို့ များစွာအထောက်အကူပြု

● *ကျော်ဖုံးမှ*

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ ဆံတော်ရှင်ကျိုက္ကလွန်ပွန်းစေတီတော် အနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တံတားတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရှင်းလင်းခန်းမ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၁၉၀၇ ခုနှစ်က တည်ဆောက်ခဲ့သော စစ်တောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေ၊ တနင်္သာရီတိုင်း–မွန်ပြည်နယ်–ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို ဆက်သွယ် ကူးသန်းသွားလာရာတွင် စစ်တောင်းတံတား၏ အချက်အချာကျမှု၊ ယခု ထပ်မံတည်ဆောက်နေသည့် စစ်တောင်းတံတား(မုပ္ပလင်) ပြီးစီးသွားပါက မော်တော်ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်း ပါရှိသည့်အတွက် ဒေသအတွင်း ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းသွားလာမှု ပိုမိုအဆင်ပြေချောမွေ့လွယ်ကူမည့် အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းအင်ဂျင်နီယာမှူး ဦးကျော်လင်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန် မှာကြားချက်ဖြစ်သည့် **"လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် တံတားကြီးများကို တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း"** လမ်းညွှန်ချက်နှင့်အညီ စစ်တောင်းတံတား(မုပ္ပလင်)ကို မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာ၊ နည်းပညာများဖြင့် တည်ဆောက်မှုအခြေအနေ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တံတားတည်ဆောက်ပြီးစီးသွားပါက ဆက်စပ်နေသော ပြည်နယ်၊ တိုင်းများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ပဲခူးတိုင်း ဝေါမြို့နယ် ကမ်းကြီးဆိပ်ကျေးရွာနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာတို့ကိုဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ပင်မတံတား သံပေါင်တပ်ဆင်နေမှုနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု လေ့လာကြသည်။

တံတားအရှည်

စစ်တောင်းတံတား (မုပ္ပလင်)၏ အရှည်မှာ ၂၃၉၂ ဒသမ ၇ ပေဖြစ်ပြီး ပင်မတံတား၏အရှည်သည် ၁၃၆၅ပေ၊ ချဉ်းကပ်တံတား၏ အရှည်သည် ဝေါဘက်ကမ်း၌ ၇၈၃ ဒသမ ၆ ပေနှင့် ကျိုက်ထိုဘက်ကမ်း၌ ၂၄၄ ဒသမ ၁ ပေရှိသည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေရှိသည်။ အဆိုပါတံတားကို ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း အပြီးတည်ဆောက်မည် ဖြစ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် မုပ္ပလင်–ကျိုက်ထိုကားလမ်းဘေး ဝဲယာ၌ အောင်မြင်ဖြစ်ထွန်းနေသည့် နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပေါင်မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသော ကတိုက်ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်း တာဝန်ခံ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကတိုက်ရေလှောင်တမံနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်း တည်နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးလှမြင့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရှင်းလင်းဆောင်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ကတိုက်ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌တည်ရှိပြီး ကတိုက်ချောင်းကိုဖြတ်၍တည်ဆောက်ထားသော တမံအမြင့် ၁၃၄ ပေနှင့် တမံအလျားပေ ၅၂၀၀ ရှိ မြေသားတမံဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀၀၀ ရှိပြီး နွေစပါးစိုက်ပျိုးရန်အတွက် ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

မွန်ပြည်နယ်သည်တောင်တန်းများပေါများပြီး ယင်းတောင်တန်းများမှ စီးဆင်းလာသော ရေပမာဏမှာလည်း မိုးရာသီတွင်များပြား၍ လယ်ယာမြေများ ရေကြီး နစ်မြုပ်ဆုံးရှုံးသောကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဇင်းရေလှောင်တမံကို ၁၉၉၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဝါးပါးရေလှောင်တမံကို ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ရွှေနတ်တောင်ရေလှောင်တမံကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ ဝင်းဖနုံရေလှောင်တမံကို ၂၀၀၁ ခုနှစ်တွင် လည်းကောင်း တည်ဆောက်ပေးခဲ့ပြီး ကတိုက်ရေလှောင်တမံစီမံကိန်းကို ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း အပြီးတည်ဆောက်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတည်ဆောက်နေကြောင်း သိရှိရသည်။

သံလွင်တံတား(မော်လမြိုင်)

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပေါင်မြို့နယ် မုတ္တမရှိ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မုတ္တမဘက်ကမ်း ရှင်းလင်းဆောင်၌ ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသခံ တိုင်းရင်းသားပြည်သူများ ခေတ်အဆက်ဆက် လိုလားတောင့်တခဲ့သော သံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်က သံလွင်မြစ်၊ အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်တို့ သုံးခုပေါင်းဆုံရာ နေရာ၌ အကောင်အထည်ဖော် တည်ဆောက်ပေးထားခြင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာ၊ နည်းပညာများဖြင့်သာ ကြိုးပမ်းတည်ဆောက်ခဲ့ပုံများကို ပဏာမ ရှင်းလင်းပြောကြားသည်။

ချစ်ကြည်ရင်းနှီးရေးတံတား

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း(မော်လမြိုင်ဘက်ကမ်း) အင်ဂျင်နီယာမှူး ဦးတင့်လွင်က တနင်္သာရီတိုင်း–မွန်ပြည်နယ်– ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ရေးအတွက် ပေါင်းစည်း ဆက်သွယ်ပေးထားသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် ချစ်ကြည်ရင်းနှီးရေး တံတားကြီးဖြစ်ကြောင်းကို လည်းကောင်း၊ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက တံတားကြီးတည်ဆောက် ပြီးစီးသွားခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တံတားကြီးတည်ဆောက်ပြီးစီးခဲ့မှုတွင် မည်သည့်နိုင်ငံခြားအကူအညီမျှမပါဘဲ ကိုယ့်အင်ကိုယ့်အားဖြင့် မြန်မာ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုးပမ်းတည်ဆောက်ခဲ့ပုံများကိုလည်းကောင်း၊ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း (မုတ္တမဘက်ကမ်း) အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက ကားတံတားအတွက် ငွေကျပ် သန်းပေါင်း ၁၈၉၂၀ နှင့် ချဉ်းကပ်တံတားအတွက် ငွေကျပ်သန်းပေါင်း ၁၁၅၃၃ အပါအဝင် ငွေကျပ် သန်းပေါင်း ၃၀၄၅၃ အကုန်အကျခံ တည်ဆောက်ခဲ့ပုံများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြပြီး တံတားကြီး၏ ခံ့ညားထည်ဝါကြံ့ခိုင်မှု၊ မြန်မာအင်ဂျင်နီယာများ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု၊ တံတားပေါ်မှ ကုန်စည်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုများကို ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးကျော်လင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံကုန်သွယ်ရေး မြှင့်တင်မှုဆွေးနွေး

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် ပါကစ္စတန်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်မှု ကိုယ်စားလှယ်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက Grand Plaza Park Royal Ballroom ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသား အသင်းသူများ၊ ပါကစ္စတန်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်မှု ကိုယ်စားလှယ်အဖွဲ့ဝင် ၁၅ ဦးတို့ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်မှုကိစ္စကို အသေးစိတ်ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၃–၆–၂၀၀၆
(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရသစုံလင်ပန်းချီပန်းဥယျာဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	သွက်လက်ဆန်းသစ် မိုင်းတုံ Jeep
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	သင်ယူလေ့လာဂီတပညာ (ဦးစောနု အဆို၊အော်ဂင်နှင့် ဂီတသင်တန်းကျောင်း)
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ဆီးချို၊သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း (အပိုင်း–၂)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	Sunday Talk
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ (ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲ ပြုလုပ်နည်း)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ(အပိုင်း–၂)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	တက်သစ်လွင်ပြင်အဆိုပြိုင်ပွဲ (ဇော်ပိုင်– ရင်ခုန်ရလွန်းလို့)
၁၁း၄၅	Dozo Designer သင်တန်းဆင်းပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်လိုလားတောင့်တခဲ့သော သံလွင်တံတား(မော်လမြိုင်) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးရေးတံတားကြီးဖြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ သံလွင်တံတား(မော်လမြိုင်)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယင်းနောက် တံတားကြီး၏ ရေလယ်တိုင်အမှတ် ၁၅ နှင့် ၁၆ မှနေ၍ သံလွင်မြစ်အတွင်း ခေါင်းဆေးကျွန်း၏ သာယာလှပမှုနှင့် မော်လမြိုင်မြို့၏ နေဝင်ဆည်းဆာ သာယာလှပမှုများကို ကြည့်ရှုကြသည်။

စေတနာထားဆောင်ရွက်ပေး

ထိုမှတစ်ဆင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး အသစ်တည်ဆောက်ထားသည့် မော်လမြိုင်ဘူတာကြီးသို့ ဝင်ရောက်ကြည့်ရှု လေ့လာကြရာ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊နိုင်ငံတော်အစိုးရက ပြည်သူများခရီးသွားလာမှုလွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် စေတနာထားဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုညစာတည်ခင်း

ဇွန် ၉ ရက် ညပိုင်းတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လာရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များ ဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လေ့လာရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းတို့မှ စာတည်းမှူးချုပ်နှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာစားပွဲတွင် ညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တယောကိုတင်ရီအဖွဲ့၊ မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးအဖွဲ့ဝင် စိန်လှဝေမင်္ဂလာဆိုင်းတို့ဖြင့်တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ညစာ သုံးဆောင်အပြီးတွင် မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့နှင့် ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက အကပဒေသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဧည့်ခံဖျော်ဖြေ တင်ဆက်မှုအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Cham Thavy Bodhisane တို့က ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Cham Thavy Bodhisane အား လေ့လာရေးခရီးစဉ် အမှတ်တရအဖြစ် ဂုဏ်ပြုလက်ဆောင်ကိုပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲကို ရုပ်သိမ်းလိုက်သည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော သံတမန်များနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ အစိုးရကွန်ပျူတာ ကောလိပ် (ဘားအံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ စစ်တောင်းတံတား(မုပ္ပလင်)တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ကြိုဆို

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ဘားအံမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြည်နယ်ပြည်သူ့ဆေးရုံကြီးသည် ၁၉၅၄ ခုနှစ်မတိုင်မီက သထုံခရိုင်အောက်ရှိ ဆေးပေးခန်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ၁၉၅၄ ခုနှစ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ၊ ၁၉၅၉ ခုနှစ်တွင် ခုတင်(၁၀၀)ဆံ့ ဆေးရုံ၊ ၁၉၆၂ ခုနှစ်တွင် ခုတင်(၁၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်နိုင်ခဲ့ပြီး ယခုနိုင်ငံတော်အစိုးရလက်ထက် ၁၉၉၁ ခုနှစ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ် လက်ခံကုသနေသော ခုတင်မှာ ၂၅၈ ခုတင်ဖြစ်ပြီး ဆေးရုံသို့ လာရောက်ပြသသည့် လူနာများအပြင် ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ဆေးရုံများ၊ မြို့နယ်ဆေးရုံများနှင့် ကျန်းမာရေးဌာနများမှ လွှဲပြောင်းပေးပို့သော လူနာများနှင့် ကုသရေးဌာန ၁၆ ဌာနမှ လူနာများကိုလည်း ကုသပေးလျက်ရှိသော ဆေးရုံကြီးဖြစ်ပါကြောင်း။

အဆင့်ဆင့်တိုးမြှင့်

ထို့အပြင် ဆေးရုံခုတင်နှင့် အထူးကု ဆရာဝန်အချိုးမှာ ၁၅ အချိုး ၁၊ ဆေးရုံခုတင်နှင့် ဆရာဝန် အချိုးမှာ ၆ အချိုး ၁၊ ဆေးရုံခုတင်နှင့် သူနာပြုအချိုးမှာ ၃ အချိုး ၁ နှင့် ဆရာဝန်နှင့်သူနာပြုအချိုးမှာ ၁ အချိုး ၂ ဖြစ်ပါကြောင်း၊၁၉၈၈ ခုနှစ်မတိုင်မီက သမားတော်၊ သားဖွားမီးယပ်၊ ခွဲစိတ်ကု၊

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

နား၊ နှာခေါင်း၊ လည်ချောင်းကုနှင့် မေ့ဆေး ဆရာဝန်များသာရှိခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရလက်ထက်ကျမှသာ ကလေးအထူးကု၊ စိတ်ကျန်းမာရေးအထူးကု၊ သွားအထူးကု ဆရာဝန်များနှင့် ဓာတ်မှန်ဌာန၊ အရိုးအထူးကုဌာန၊ မျက်စိအထူးကုဌာနနှင့်ရောဂါဗေဒစမ်းသပ်မှုဌာနများကို အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆေးရုံကုသမှုဆိုင်ရာ နေ့စဉ်ပျမ်းမျှ ပြင်ပလူနာဦးရေသည် ၅၅ ဦးခန့် ဆေးကုသမှုခံယူကြပြီး နေ့စဉ်ပျမ်းမျှ အတွင်းလူနာအနေဖြင့် ဆေးရုံတက်ရောက်၍ ကုသမှုလူနာမှာ ၁၂၅ ဦးခန့် ရှိပါကြောင်း၊ ခုတင်(၂၀၀)ဆံ့ဆေးရုံတွင် အသုံးပြုရာခိုင်နှုန်း ၆၂ ရာခိုင်နှုန်း သုံးစွဲလျက်ရှိပြီး ဆေးရုံ၏ရန်ပုံငွေ ဆေးပဒေသာပင်သည် ငွေကျပ် ၂၀၂ သိန်းစိုက်ထူထားရှိပြီးဖြစ်ပါကြောင်း။

အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးကုဆေးအဖွဲ့သည် ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စစ်ဆေးကုသစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကိုမေးမြန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဘားအံတက္ကသိုလ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကနှင့် နည်းပြများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပညာသင်ကြား/စီမံကိစ္စရပ်များနှင့် စပ်လျဉ်း၍ မိမိတို့ သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းကြသည်။

ပညာသင်ယူနေ

ဘားအံတက္ကသိုလ်တွင် ဆရာဆရာမအင်အား ၁၉၃ ဦးနှင့် ဝန်ထမ်းအင်အား ၁၀၀ ရှိပြီး ကျောင်းသားကျောင်းသူ ၃၀၀၀ ကျော် ပညာသင်ယူလျက်ရှိကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘားအံမြို့မှ ထွက်ခွာ၍ သံလွင်တံတား(ဘားအံ)ကိုလည်းကောင်း၊ လမ်းတစ်လျှောက်ရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇွန် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအမှုဆောင်ကောင်စီ ဥက္ကဋ္ဌ အောက်လွှတ်တော်အမတ် ဂျပန်–မြန်မာအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအသင်း(AJMMC)၏ အကြီးတန်းအကြံပေး မစ္စတာ ဖူမီယိုကျူးမားသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ဧည့်ခန်းမသို့လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါနှင့် ဗဟိုဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

တွေ့ဆုံပွဲ၌ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အောက်လွှတ်တော်အမတ် မစ္စတာဖူမီယိုကျူးမားကလည်း ဂျပန်–မြန်မာလူငယ်များ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ ဘားအံတက္ကသိုလ်တွင် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ နည်းပြများနှင့် တွေ့ဆုံ၍ ပညာသင်ကြား/စီမံ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းကြစဉ်။ (သတင်းစဉ်)

ဇွန် ၁၂ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်မြင့်ဦးနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V-kabanov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သံအမတ်ကြီးများနှင့် သံတမန်များ ပြည်တွင်းပြည်ပသတင်းစာဆရာများ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၈ ရက်မှ ၁၀ ရက်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်သွားရောက် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chanthavy Bodhisane၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.D. M.M.Ranaraja၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Mohammed Khairuzzaman၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Mr. Shaharuddin bin Md Som၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Daru Indorasugara Brig-Gan(B) Dato Paduka Haji Mohd Yusuf bin Abu Bakarနှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong၊ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dragan Janekovic၊ ဗြိတိသျှသံရုံးမှ Deputy Chief of Missionဖြစ်သူ Ms. Catherine Firth၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission ဖြစ်သူ Mr.Helal Helal Ibrahim၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ First Secretaryဖြစ်သူ Mrs. Deng Qinghua၊ အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ သံရုံးမှ Second Secretary ဖြစ်သူ Mr. Dennis D.Tidwell၊ ဆော်ဒီအာရေဗီးယားနိုင်ငံသံရုံးမှ Attache ဖြစ်သူ Mr.Abdulsalam A.AI-Enzi၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြစ်ကြသော UNDP မှ Deputy Representativeဖြစ်သူ Ms. Akiko-suzaki၊ UNICEF မှ Chief Planning Session ဖြစ်သူ Ms. May Pascual နှင့် IOM(TCB) မှ Head of Officeဖြစ်သူ Ms. Isbeele Bouan၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစစ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းမှူးချုပ်နှင့် သတင်းတာဝန်ခံများ၊ သတင်းထောက်များ စုစုပေါင်း အဖွဲ့ဝင် ၆၀ တို့ လိုက်ပါလေ့လာကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများအား အသစ်တည်ဆောက်ထားသည့် မော်လမြိုင်ဘူတာတွင် မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ ဦးမြတ်လင်းက ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ အာဆီယံ–ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေးအစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yun Byung˚-se ၏ဖိတ်ကြားချက်အရ ဇွန် ၇ ရက်မှ ၁၀ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံ–ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးညှိနှိုင်းခဲ့

အဆိုပါ အစည်းအဝေးမကျင်းပမီ ဒုတိယဝန်ကြီး ဦးကျော်သူသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yun Byung -seနှင့် တွေ့ဆုံ၍ (၁၀)ကြိမ်မြောက် အာဆီယံ–ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအစည်းအဝေး အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ကြိုတင်ပြင်ဆင်

ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်သူသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Yun Byung -seနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကျင်းပစဉ်အတွင်း ဒေသတွင်းအခြေအနေများ၊ အာဆီယံ–ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးကိစ္စရပ်များ၊ (၈)ကြိမ်မြောက် အာဆီယံ–ကိုရီးယားပူးတွဲစီမံကိန်းနှင့် ပြန်လည်သုံးသပ်မှုကော်မတီအစည်းအဝေးရလဒ်များ၊ ၂၀၀၅ ခုနှစ်က ကျင်းပခဲ့သော အာဆီယံ–ကိုရီးယား ထိပ်သီးညီလာခံမှ ဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များ၊ ၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ–ကိုရီးယားထိပ်သီးညီလာခံအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူသည် (၁၀)ကြိမ်မြောက် အာဆီယံ–ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များအား ကိုရီးယားသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး H.E. Mr. Yun Byung -se˚က Lotte˚ဟိုတယ်၌ ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၁၂

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲသို့ ဒေးဒရဲမြို့နယ်ဖွားကျောင်းထိုင် ဆရာတော်ကြီးများနှင့် မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော်များအား ဇူလိုင် ၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒေးဒရဲမြို့နယ်အသင်း မွှာရုံကြီး၌ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းကြမည်ဖြစ်ရာ အသင်းဝင် မိသားစုများနှင့် အသင်းမဝင်ရသေးသူများ (ဒေးဒရဲမြို့နယ်သူ/သားများအားလုံး) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

တစ်ခေတ်ဆန်းသစ်လာသည့် မြန်မာ့ရော်ဘာ

ကြည်မြတ်
(နှစ်ရှည်ပင်)

ကမ္ဘာပေါ်တွင် သိပ္ပံပညာ၊ စက်မှုပညာ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ရော်ဘာ၏အရေးပါ အသုံးဝင်မှုမှာလည်း မြင့်မားလျက်ရှိသည်။ ရော်ဘာကိုနေရာအနှံ့အပြားတွင် အသုံးပြုလျက်ရှိသည်။ ပို့ဆောင်ရေးလုပ်ငန်းတွင် အရေးပါသည့် လေယာဉ်ပျံ၊ မော်တော်ကားတို့၏ ဘီးများကို ရော်ဘာဖြင့် ပြုလုပ်ကြသည်။ မော်တော်ယာဉ်တစ်စီးတွင် အင်ဂျင်ပိုင်း၊ ဘော်ဒီပိုင်းနှင့် အောက်ပိုင်းဟူ၍ အဓိကသုံးပိုင်းပါရှိပြီးပစ္စည်းအမည်ပေါင်း ၁၆၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ယင်းအနက် အမည်ပေါင်း ၇၅၀ ကျော်မှာ ရော်ဘာဖြင့် ပြုလုပ်ထားသည့် အစိတ်အပိုင်းများဖြစ်သည်။

သဘာဝရော်ဘာသည် ဆွဲဆန့်နိုင်အားကောင်းခြင်း၊ အမာခံနိုင်သည့် စွမ်းအားရှိခြင်း၊ အပူခံနိုင်မှုကောင်းခြင်း စသည့်အရည်အသွေးများနှင့် ပြည့်စုံသည်။ ကမ္ဘာ့ရော်ဘာ စုစုပေါင်းထုတ်လုပ်မှု၏ ၇၅ရာခိုင်နှုန်းကို မော်တော်ကား တာယာထုတ်လုပ်သည့် လုပ်ငန်းတွင် အသုံးပြုကြသည်။ ရော်ဘာနှင့်ပြုလုပ်သော တာယာများသည် ပေါ့ပါးပြီးခိုင်ခံ့ကြောင်း တွေ့ရှိရသဖြင့် သဘာဝရော်ဘာ၏ အသုံးပြုမှုနေရာတွင် ရော်ဘာတုဖြင့် အစားထိုးရန် မလွယ်ကူချေ။ ထို့ကြောင့် သဘာဝရော်ဘာ၏ အသုံးပြုမှုသည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်လာနေခြင်း ဖြစ်သည်။

ထို့ပြင် ဖိနပ်လုပ်ငန်းတွင်လည်း ရော်ဘာသည် မရှိမဖြစ်သော ကုန်ကြမ်း တစ်မျိုးဖြစ်ပြီး အောက်ခံပြားကို ရော်ဘာနှင့်ပြုလုပ်လျှင် ပိုမိုခိုင်ခံ့၍ အစီးခံကြောင်း တွေ့ရသည်။ ရော်ဘာသည် ကမ္ဘာပေါ်ရှိပစ္စည်းများအနက် ရှန်းကန်သတ္တိ အများဆုံးရှိပြီး ရေမတင်နိုင်သည့်အပြင် လျှပ်စစ်အပူဓာတ်ကို ခံနိုင်ရည် ရှိခြင်း၊ အပူထိန်းသိမ်းနိုင်ခြင်းစသည့် အစွမ်းသတ္တိများကြောင့် လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ကြိုးများ ဓာတ်မလိုက်စေရန် ကာကွယ်သောကြိုးများ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ ရေနွေးအိတ်များ၊ စက်ရုံများတွင် ကြမ်းခင်း ရော်ဘာပြားများ ပြုလုပ်၍ သုံးစွဲကြသည်။ ထို့ပြင် ရော်ဘာကို အခြားဓာတုဗေဒပစ္စည်းများနှင့် ရောနှောကာ အမျိုးမျိုးစီမံပေးခြင်းဖြင့် လူသုံးကုန်ပစ္စည်းအမြောက်အမြားကို ပြုလုပ်နိုင်ပေပြီ။ ယခုအခါ ရော်ဘာမှလူသုံးပစ္စည်းအမျိုးပေါင်း ၃၀၀၀၀ထက် မနည်း ပြုလုပ်နေကြပြီဖြစ်ကြောင်း သိရှိရသည်။

လယ်ယာသုံးပစ္စည်းများဖြစ်သည့် လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ မျိုးစေ့ကြဲစက်တို့၏ ဘီးများမှာလည်း ရော်ဘာဖြင့်ပြုလုပ်သည်။ ရေနံနှင့် ဓာတ်ငွေ့များကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ရော်ဘာဖြင့် ပြုလုပ်ထားသော ပိုက်လိုင်းများကိုသာ အသုံးပြုကြသည်။

ဆေးရုံသုံးအနေဖြင့် လက်အိတ်များ၊ ခြေတုလက်တုများ၊ ဓာတ်ငွေ့ ကာမျက်နှာဖုံးများတွင်လည်း ထည့်သွင်းအသုံးပြုကြသည်။ အခြား လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးဖြစ်သော ခဲဖျက်၊ ဦးထုပ်၊ ဖောင်တိန်၊ တယ်လီဖုန်း စကားပြောခွက်၊ နို့ဘူး၊ နို့သီးခေါင်း၊ အားကစားပစ္စည်းအဖြစ် ဘောလုံး၊ ဂေါက်သီး၊ တင်းနစ်ဘောလုံးအစရှိသည်တို့မှာ ရော်ဘာဖြင့် ပြုလုပ်ကြသည်။ ထို့ကြောင့် ရော်ဘာသည် ပျော့ခြင်း၊ မာခြင်း၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်းစသည့် အရည်အသွေးဂုဏ်သတ္တိများကြောင့် ရော်ဘာကို ကမ္ဘာအနှံ့အပြား၌ ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြသည်။ ရော်ဘာအစေးမထွက်နိုင်တော့သည့် ပင်အိုများမှ ရော်ဘာသစ်အဖြစ် ထုတ်ယူနိုင်ပြီး ပရိဘောဂများပြုလုပ်နိုင်ခြင်း၊ အရွက်များမှ အလှပန်းများ ပြုလုပ်နိုင်ခြင်း၊ အကိုင်းအခက်များကို ထင်းအဖြစ်အသုံးပြုနိုင်ခြင်း စသည့်အချက်အလက်များကြောင့် ရော်ဘာပင်သည် တစ်ပင်လုံးအသုံးဝင်သော နှစ်ရှည်သီးနှံပင်ဖြစ်သည်။

ရော်ဘာတွင် အဓိကအားဖြင့် သဘာဝရော်ဘာနှင့် ရော်ဘာတုဟူ၍ နှစ်မျိုးခွဲခြားထားသည်။ သဘာဝရော်ဘာသည် ရော်ဘာပင်မှရရှိသော အစေးရည်ကိုခဲစေပြီး အခြောက်ခံ၍ ပြုပြင်ထားသောရော်ဘာကို ဆိုလိုပါသည်။ ရော်ဘာတု ဆိုသည်မှာ ရော်ဘာပင်မှရရှိခြင်းမဟုတ်ဘဲ ဓာတုဗေဒနည်းအရ ဖော်စပ်ထားသော ရော်ဘာကို ရော်ဘာတုဟု သတ်မှတ်ခေါ်ဝေါ်သည်။

ယင်းကဲ့သို့ အဘက်ဘက်မှ အသုံးဝင်သောရော်ဘာကို စက်မှုထွန်းကား တိုးတက်လာသည်နှင့်အမျှ အသုံးပြုမှုသည်လည်း ပိုမို၍ တိုးတက်များပြားလာခဲ့သည်။ စက်မှုကဏ္ဍပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ရော်ဘာ၏ အသုံးဝင်မှုသည်လည်း ယခုထက်ပို၍ အရေးကြီးအသုံးဝင်လာမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရော်ဘာကို အခြေခံ၍ စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံများဖြစ်သော မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ လိုင်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် ဗီယက်နမ်စသော နိုင်ငံများသည် ရော်ဘာကိုနှစ်စဉ်ပုံမှန် တိုးတက်ထုတ်လုပ်မှုတွင်သာမက ရော်ဘာနှင့် ပတ်သက်၍ နည်းပညာသစ်များကို ရှာဖွေသုတေသနပြုလျက်ရှိသည်။ မှိုင်းခံရော်ဘာ၊ ခရမ့်ရော်ဘာစသည်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ကမ္ဘာ့ရော်ဘာဈေးကွက်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့ရောင်းချခြင်းရှိခဲ့သည်။ ပြည်ပသို့တင်ပို့မှုပမာဏနှင့် တန်ဖိုးများမှာ အောက်ပါဇယားအတိုင်းဖြစ်ပါသည်။

နှစ်အလိုက်ပြည်တွင်းမှ ရော်ဘာများ ပြည်ပသို့ တင်ပို့မှုပမာဏနှင့်တန်ဖိုး

စဉ်	ခုနှစ်	တင်ပို့မှုပမာဏ(တန်)	တန်ဖိုး(အမေရိကန်ဒေါ်လာသန်း)
၁။	၁၉၉၆–၉၇	၂၈၁၆၀	၃၀.၆၆
၂။	၁၉၉၈–၉၉	၄၇၈၅၀	၂၅.၀၇
၃။	၂၀၀၀–၀၁	၃၈၅၁၀	၁၉. ၄
၄။	၂၀၀၂–၀၃	၃၇၃၃၀	၂၆.၉၈
၅။	၂၀၀၃–၀၄	၃၆၄၇၀	၃၂.၉၃
၆။	၂၀၀၄–၀၅	၄၀၃၇၃	၄၃.၁၂

ရော်ဘာစိုက်ပျိုးရေးကို မြန်မာနိုင်ငံ၌ ၁၈၇၆ ခုနှစ်ကတည်းက စတင်ခဲ့သည်။ မူလပေါက်ရောက်ရာဒေသမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် ၁၉၆၂–၆၃ ခုနှစ်အထိ ရော်ဘာဧရိယာ ၁၈၄၂၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခွင့်ပြုခြင်းတို့ကြောင့် ရော်ဘာစိုက်ပျိုးသည့် ဧရိယာများ ပြန်လည်တိုးတက်မြင့်မားလာခဲ့သည်။ ၁၉၉၇–၉၈ ခုနှစ်တွင် ဧက ၃၃၃၄၄၉ အထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်အထိ တွင် ၅၅၈၄၄၇ဧက တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။

ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက်သာမက ပြည်ပပို့ကုန်များအတွက်လည်း အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ ရော်ဘာပင်၏ စီးပွားရေးသက်တမ်းကာလအတွင်း စက်မှုကုန်ကြမ်း အတွက် ရော်ဘာအစေး ရရှိသည့်အပြင် အပင်အိုသည့်အခါ ရော်ဘာသစ်အဖြစ် အသုံးပြုနိုင်သဖြင့် မြန်မာနိုင်ငံတွင် အခြေအနေပေးသည့်နေရာတိုင်း၌ ရော်ဘာကို တိုးချဲ့ စိုက်ပျိုးနေခြင်းဖြစ်သည်။ ရော်ဘာ တိုးချဲ့စိုက်ပျိုးခြင်းကို ငါးနှစ်အလိုက် တိုးချဲ့စိုက်ပျိုးရန် အောက်ပါအတိုင်း ရည်မှန်းထားသည်–

ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ငါးနှစ်အလိုက် လျာထားချက်

စဉ်	ခုနှစ်	စိုက်ဧက	အစေးလှီးဧက	အထွက်တန်
၁။	၂၀၀၀	၄၀၀၀၀၀	၂၆၀၀၀၀	၅၅၇၀၀
၂။	၂၀၀၅	၅၀၀၀၀၀	၃၃၀၀၀၀	၇၁၁၀၀
၃။	၂၀၁၀	၆၀၀၀၀၀	၄၀၀၀၀၀	၈၇၀၀၀
၄။	၂၀၁၅	၈၀၀၀၀၀	၅၀၀၀၀၀	၁၁၀၀၀
၅။	၂၀၂၀	၁၀၀၀၀၀၀	၆၆၀၀၀၀	၁၄၆၇၀၀
၆။	၂၀၂၅	၁၂၅၀၀၀၀	၈၅၀၀၀၀	၁၉၀၈၀၀
၇။	၂၀၃၀	၁၅၀၀၀၀၀	၁၀၀၀၀၀၀	၂၂၆၈၀၀

ရှင်သန်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို ဤသို့တွေ့မြင်ရသည်။

ရော်ဘာကို မြေညီမြေပြန့်တွင်သာမက မြေမျက်နှာသွင်ပြင် မညီညာသော ကုန်းမြေများ၊ လျှိုမြောင်များ၊ တောင်စောင်းများတွင်လည်း စိုက်ပျိုးဖြစ်ထွန်းသည်။ ရော်ဘာကို ယခင်ကာလက တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် စိုက်ပျိုးခဲ့ရာမှ ယခုအခါ နယ်စပ်ဒေသများဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်သော ကိုးကန့်ဒေသ၊ ဟိုပန်ဒေသ၊ လားရှိုး၊ ကျောက်မဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသ၊ မိုင်းလား ဒေသ၊ တာချီလိတ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း တို့၌ စမ်းသပ် စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် ကုန်းမြင့်ဒေသများသည် အစဉ်အလာအရ ရော်ဘာ စိုက်ပျိုးခဲ့သော မြေပြန့်ဒေသများထက် တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မသည် ပျမ်းမျှအားဖြင့် နည်းပါးသော်လည်း လစဉ်အနည်းငယ်စီ မိုးရွာသွန်းလေ့ရှိသည်။ ကုန်းမြင့်ဒေသများတွင် ရော်ဘာစမ်းသပ်စိုက်ပျိုးခဲ့ရာ မြေပြန့်ကဲ့သို့ပင် ရော်ဘာစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရသည်။ မြန်မာပြည် အောက်ပိုင်းမြေပြန့်ဒေသများတွင် မိုးတွင်းကာလ၌ မိုးရွာသွန်းမှုများပြားသဖြင့် အစေးလှီးလုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ရွက်ပုပ်ရောဂါများလည်း အများဆုံးကျရောက်ကြောင်း တွေ့ရှိရသည်။ ကုန်းမြင့်ဒေသများ၌ အအေးလွန်ကဲသောလ၌သာ အစေးလှီးလုပ်ငန်း ရပ်ဆိုင်းထားရပြီး ကျန်လများနှင့် မိုးရာသီအတွင်း အစေးလှီးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် အပင်ကြီးထွားမှုကောင်းကြောင်း တွေ့ရသည်။ ထို့ပြင် နယ်စပ်ဒေသနှင့် ကုန်းမြင့်ဒေသများ၏ တောင်ကုန်း၊ တောင်စောင်းများ တွင် ကွန်တိုစနစ်ဖြင့် ရော်ဘာကို စိုက်ပျိုးနိုင်ပြီး မြေမျက်နှာပြင် အနိမ့်အမြင့် ၅ ဒီဂရီရှိသော မြေမျိုးတွင် မြေဆီခံမြောင်းများ ပြုလုပ်သင့်ပြီး မြေဆီခံမြောင်းကို နှစ်ပေအကျယ် နှစ်ပေအနက်ရှိသော မြောင်းများနှင့် ကန်သင်းများ တူးဖော် ကြရန်လိုအပ်သည်။

ရော်ဘာကို ပင်လယ်ရေမျက်နှာပြင်မှ အထက်အမြင့်ပေ ၁၀၀၀မှ ၃၀၀၀ ခန့်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်အတွက် ယခုအခါ ချင်းပြည်နယ်အတွင်းရှိ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ၄၀၀၀–၅၀၀၀ကျော်ရှိသော တီးတိန်၊ ဖလမ်း၊ ဟားခါးမြို့နယ်များတွင် ရော်ဘာ ငါးဧကစီ ၂၀၀၅–၂၀၀၆ ခုနှစ်၌ စမ်းသပ် စိုက်ပျိုးထားခဲ့ပြီး စီးပွားဖြစ်စိုက်ပျိုးရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်းမှလည်း ယင်းဒေသများသို့ ရော်ဘာပညာရှင်များ စေလွှတ်၍ ပညာပေးသင်တန်းများ နှစ်ကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး ကုမ္ပဏီ၊ တပ်ရင်း တပ်ဖွဲ့များနှင့် ရော်ဘာစိုက်ပျိုးလုပ်ကိုင်လိုသည့် ခြံရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်း များတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် မြေဧရိယာများ မြောက်မြားစွာရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ တိုင်းနှင့်ပြည်နယ်များသို့ ခရီးစဉ်များတွင် ထိုဒေသ၏ မိုးရွာသွန်းသည့် မိုးရေချိန်နှင့် မြေလွတ်မြေရိုင်းတို့သည် ရော်ဘာတိုးချဲ့ စိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများရှိသဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်စေပြီး ဒေသ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးနှင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိနိုင်စေမည့် ရော်ဘာကို အမြောက်အမြား တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှုပေးခဲ့သည်။

ယင်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့၌ ၂၀၀၅–၂၀၀၆ ခုနှစ်မှ စ၍ အထူးစီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ရော်ဘာစိုက်ဧက တိုးတက်လာသည်နှင့်အမျှ ရော်ဘာအထွက်ကောင်းမျိုးများ စိုက်ပျိုးလာခြင်း၊ ရော်ဘာဈေးနှုန်းကောင်းမွန်လာခြင်း၊ နည်းစနစ်တကျ အစေးလှီးစနစ်ကျင့်သုံးလာခြင်းတို့ကြောင့် ရော်ဘာထုတ်လုပ်မှု တစ်ဧကအထွက်နှုန်း မြင့်မားလာသည်ကို အောက်ပါဇယားအတိုင်းခန့်မှန်းထားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

၂၀၀၅–၂၀၀၆ခုနှစ်အထိ မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

စဉ်	ပြည်နယ်/တိုင်း	စိုက်ဧက	အစေးလှီးဧက	ပျမ်းမျှအထွက်နှုန်း	အထွက်ပေါင်
၁။	ကချင်ပြည်နယ်	၇၀၆၃	၄၅၀	၅၆၄.၄၄	၂၅၄၀၀၀
၂။	ကယားပြည်နယ်	၁၁၁	–	–	–
၃။	ကရင်ပြည်နယ်	၄၈၄၃၇	၁၃၆၀၁	၄၂၁.၈၅	၅၇၃၇၅၄၂
၄။	ချင်းပြည်နယ်	၁၅	–	–	–
၅။	စစ်ကိုင်းတိုင်း	၄၉၄	၄	၅၂၅.၀၀	၂၁၀၀
၆။	တနင်္သာရီတိုင်း	၁၁၉၃၅၃	၈၀၀၀၀	၄၇၀.၀၀	၃၇၆၀၀၀၀၀
၇။	ပဲခူးတိုင်း	၅၂၃၁၉	၄၀၄၇	၃၃၈.၃၃	၁၃၆၉၂၃၀
၈။	မွန်ပြည်နယ်	၂၆၇၈၃၁	၁၅၂၅၆၂	၅၇၄.၆၀	၈၇၆၆၂၈၄၃
၉။	ရန်ကုန်တိုင်း	၃၁၅၉၁	၂၇၆၇	၃၅၀.၀၀	၉၆၈၄၅၀
၁၀။	ရခိုင်ပြည်နယ်	၈၂၆၅	၇၅၃	၂၃၀.၀၀	၁၇၃၁၉၀
၁၁။	ရှမ်း(မြောက်)	၁၂၉၉၇	၅၅၃	၅၀၁.၄၃	၂၇၇၂၉၀
၁၂။	ရှမ်း(တောင်)	၂၂၅	၂၀	၈၀၀.၀၀	၁၆၀၀၀
၁၃။	ရှမ်း(အရှေ့)	၇၂၁၆	၃၀၀	၆၀၀.၀၀	၁၈၀၀၀၀
၁၄။	ဧရာဝတီတိုင်း	၂၅၃၀	၃၀	၂၇၀.၀၀	၈၁၀၀
စုစုပေါင်း		၅၅၈၄၄၇	၂၅၅၀၈၇	၅၂၆.၂၈	၁၃၄၂၄၈၇၄၅

ညီမျှတန်– ၆၀၉၁၁.၄၁ မ/တန်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု အလှူငွေပေးအပ်ပွဲ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေနှင့် စာနယ်ဇင်းများမှ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း – တံ့တေး) က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက “အမေ့နေရာ” စာအုပ် အုပ်ရေ ၂၀နှင့် ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမျိုးထွဋ်ဦး(Hyosong Co.,Ltd.) က ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်အေး(မောင်ဟေမာ၊အလင်္ကာဝတ်ရည်) က ငွေကျပ်သုံးသိန်း၊ ဦးထွန်းအောင် (Top Tech Co.,Ltd.)က ဘောပင်အချောင်း ၅၀၀ နှင့် ငွေကျပ် သုံးသိန်း၊ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ စာရေးဆရာမကြီး ဒေါက်တာဒေါ်ရီရီလှ(ယုဝတီခင်ဦး)က ငွေကျပ်နှစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း၊ မှူးသမိန်၊ မဟေသီမဂ္ဂဇင်း)၊ စာရေးဆရာ ဘိုကလေးတင့်အောင်၊ စာရေးဆရာဦးခင်လှိုင်(ကမ္ဘောဇခင်လှိုင်)၊ ကန်တော့ခံစာရေးဆရာမကြီးဒေါ်သိန်းဆိုင်(မမြတ်လေး)၊စာရေးဆရာသတင်းစာဆရာကြီး ဦးတင်စိုး(သာဂဒိုး)၊ လက္ခဏာဆရာကြီးရွှေဘိုစံတင်အောင်၊ ဒေါက်တာသာထွန်းဦး(တူဒေးစာအုပ်တိုက်)၊ ဦးကျော်ဝင်း(ပစ်တိုင်းထောင်စာပေ)၊စာရေးဆရာဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)၊ ရဲမှူးချုပ်တင်စိုး (ငြိမ်း)–ဒေါ်လှိုင်ကြည်ဖြူ(ဓမ္မဝိရ ဂျာနယ်)၊ စာရေးဆရာ ဦးဝင်းမြင့် (မကွေးဝင်းမြင့်)၊ ဦးတိုးဝင်း (Eurosport Fashion Shoppy ဂျာနယ်)၊ ကိုကို (စက်မှုတက္ကသိုလ်၊ Flower News)၊ ကေသီပန်ဦးလှမြင့်၊ အထည်ချုပ်စက်ရုံ (Long Run Co.,Ltd.) FIFA Sport ဂျာနယ်နှင့် Fashion Icon မဂ္ဂဇင်း၊ ဒေါ်သီတာမိုး(Publishing House)တို့က ငွေကျပ်တစ်သိန်းစီပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်မှူးမြသိန်း (ငြိမ်း) သမီး မြပုလဲခင်(ပါးခင်ခင်)၊ မြသန္တာ (နော်ရင်မွှေး)မိသားစု၊ ဦးဝင်းအောင် (သန်းထိုက်ရတနာပုံနှိပ်တိုက်)၊ ဦးသိန်းမြင့်(ဧရာမင်းသိမ်းကုမ္ပဏီ)၊ ဦးမြတ်ခိုင်(အချစ်၊ မဟာ၊ ကောင်းသတင်းဂျာနယ်)၊ ဦးဝင်းငြိမ်း(ရွှေအမြုတေ)၊ ဦးမြသိန်း (စွယ်စုံကာတွန်းဂျာနယ်)၊ ဒေါက်တာခင်ခင်ကျော့ (စန်းအောင်ပုံရိပ်ကုမ္ပဏီ)၊ ကန်တော့ခံစာရေးဆရာကြီး ဦးဟိန်းစိုး (ဒဂုံကြည်စိုး)၊ ကန်တော့ခံ စာရေးဆရာကြီး ဦးအေးနိုင်(ဓမ္မာစရိယ ဦးအေးနိုင်)၊ Fame ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်ငါးသောင်းစီ၊ စာရေးဆရာ ဦးဟန်ညွန့်–ဒေါ်ညိုညိုယဉ်(ဒိုက်ဦး)၊ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေ ကျပ်သုံးသောင်းစီ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ ဦးသိန်းစိုး (သီဟရတနာ)၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မြောက်ဥက္ကလာပမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ်နှစ်သောင်းစီ၊ ကျေးဇူးတော်စာပေက ငွေကျပ် ၁၅၀၀၀၊ စာပေဗိမာန်ဌာန ခွဲမှူး(စီမံ)ဒေါ်ချိုချိုသန်း (ချိုမြနွယ်)၊ ဦးသက်ပိုင်ဗိုလ် (မြန်မာသိက္ခာမီဒီယာစာပေ)၊ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဒေါ်မြင့်မြင့်အေး(ဒေးဒရဲမြင့်)ဦးအောင်လှ(မာလတ်)၊ ရေးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးတင်မြင့်၊ တောင်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာ သိပ္ပံမိုးအောင်၊ ကျောက်တန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကျောက်တံတားမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဒဂုံအရှေ့မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် တစ်သောင်းစီ တို့ကို လည်းကောင်း၊ ကန်တော့ခံ စာရေးဆရာကြီး ဦးအိုက်ကျင်၊ ဒေါ်လှအေးယဉ် (ခိုင်နန်းစံ)၊ ဦးထွန်းရှိန် (သန်းဝင်းရှိန်)၊ ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့တို့က ငွေကျပ်ငါးထောင်စီ၊ ကမာရွတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် သုံးထောင်၊ KMD ဦးသောင်းတင်က ငွေကျပ် ငါးသိန်း တန်ဖိုးရှိ ကွန်ပျူတာ ဆော့ဝဲလ်တစ်စုံ၊ တော်ဝင်မြို့မ စာအုပ်တိုက်က ကျပ် ၁၃ သိန်းတန်ဖိုးရှိ သုတ/ရသစာအုပ် ၁၅၂၀၊ ဦးသိန်းစိုး (သီဟရတနာ) စာပေက ကျပ်ငါးသိန်း တန်ဖိုးရှိ ရသစာအုပ် အုပ်ရေ ၅၀၀၊ ကံ့ကော်ဝတ်ရည် စာပေက ငွေကျပ်သုံးသိန်းခွဲ တန်ဖိုးရှိ သုတရသ စာအုပ်စုံ ၃၈၀၊ ကောင်းသန့် စာပေက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရသစာအုပ် ၅၀၀၊ဗိုလ်မှူးမြသိန်း(ငြိမ်း) သမီးမြပုလဲခင် (ပါးခင်ခင်)၊ မြသန္တာ (နော်ရင်မွှေး) မိသားစုက ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိ ရသစာအုပ် ၃၀၀၊ ရဲမှူးချုပ်တင်စိုး (ငြိမ်း)–ဒေါ်လှိုင်ကြည်ဖြူတို့က ငွေကျပ်တစ်သိန်း တန်ဖိုးရှိ သုတရသစာအုပ် အုပ်ရေ၃၀၀၊ စာရေးဆရာ ချစ်ဦးညိုက ငွေကျပ် တစ်သိန်း တန်ဖိုးရှိ သုတ စာအုပ် ၁၁၁ အုပ်၊ ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ခုနစ်သောင်းခွဲ တန်ဖိုးရှိ မဂ္ဂဇင်း ၁၅၀၊ ဦးလှတိုး–ဒေါ်ချယ်ရီအောင် (ရန်အောင်စာပေ) က ငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ ရသစာအုပ် ၁၀၀၊ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ခုနစ်သောင်းတန်ဖိုးရှိ မဂ္ဂဇင်း အုပ်ရေ ၁၀၀၊ ဦးစန်းနိုင်–ဒေါ်ခင်မြဝင်း (ငြိမ်းချမ်းရေး ပြက္ခဒိန်နှင့် ပိုစတာ လုပ်ငန်း)က ပိုစတာစောင်ရေ ၃၀၀၊ မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် လေးသောင်းခွဲ တန်ဖိုးရှိ မြို့နယ်မဂ္ဂဇင်း အုပ်ရေ ၃၀တို့ကို ပေးအပ် လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခတို့က အသီးသီး လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလှူဒါန်း

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် ဒုတိယအကြိမ် ဂုဏ်ပြုလှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၃၄၇၀၀၀၀ နှင့် သုတရသ စာအုပ်မျိုးစုံ ၃၉၉၁အုပ်တို့ကိုအလှူရှင် အသီးသီးက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် ၅၂၉ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ် ဖုန်း–၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်)

၂၀၀၆–၂၀၀၇ခုနှစ်တွင် ရော်ဘာ ၁၉၂၉၆၅ဧကတိုးချဲ့စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိသဖြင့် ထိုခုနှစ်တွင် စိုက်ပျိုးပြီးဧက ၇၄၅၈၁၁ ရှိလာမည် ဖြစ်သည်။ ရော်ဘာအစေးလှီးဧကမှာ ၂၈၄၈၀၀ဖြစ်လာမည်ဖြစ်ပြီး ရော်ဘာအထွက် တစ်ဧကပျမ်းမျှပေါင် ၅၃၁ ဒသမ ၇၈ရှိလာမည်ဖြစ်သဖြင့် စုစုပေါင်း ရော်ဘာအထွက် ၁၅၁၄၅၂၇၄၃ပေါင်ရှိ၍ မက်ထရစ်တန်အားဖြင့် ၆၁၇၁၇ ဒသမ ၂၂တန်ရှိလာမည်ဟု ခန့်မှန်းထားသည်။

အထူးသဖြင့် ရော်ဘာစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရော်ဘာအထွက်ကောင်းမျိုးများကို စိုက်ပျိုးလျက်ရှိသည်။ မိုးရွာသွန်းမှုများပြားသည့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ရခိုင်ပြည်နယ်တို့တွင် BPM.24၊ RRIC-100၊ RRIM-717၊ PB-260၊ PB-235 မျိုးများကို ဦးစားပေး စိုက်ပျိုးခဲ့ပြီး မိုးရွာသွန်းမှု အသင့်အတင့်ကောင်းမွန်သည့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် PB-260၊ RRIM- 717၊ PB- 235၊ RRIM-623နှင့် GT-1 မျိုးများကို ဦးစားပေး စိုက်ပျိုးသင့်သည်။ မိုးနည်းပါးပြီး အေးမြသည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် RRIM- 600၊ GT- 1၊ PR-255၊ PR-107၊ RRIM- 623 မျိုးများကို ဦးစားပေးစိုက်ပျိုးရန်လိုအပ်သည်။

ရော်ဘာစိုက်ပျိုးလိုသော ပုဂ္ဂလိက၊ ခြံရှင်များအတွက် ရော်ဘာမျိုးမှန်ကန်မှုရှိစေရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနမှ စနစ်တကျမျိုးခွဲ၍ စိုက်ပျိုးစေသည်။ ရော်ဘာစိုက်ပျိုးရာတွင် စနစ်တကျ ပြုစုထိန်းသိမ်းရန် ပုံမှန်အရွယ်ရောက်ပြီး အစေးလှီးနိုင်ရန်နှင့် မှန်ကန်သော အစေးလှီးစနစ်ကို ကျင့်သုံးပြီး စီးပွားရေးသက်တမ်းပြည့် ရော်ဘာထုတ်လုပ်သွားနိုင်ရန် ထွက်ရှိသော ရော်ဘာများကို အတန်းအစားမြင့် ရော်ဘာပြားများရရှိရေးအတွက် လိုအပ်သော ဓာတုဆေးများကို စနစ်တကျ သုံးစွဲထုတ်လုပ်သွားရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ စည်းရုံးကာ လေ့ကျင့်ပညာပေး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အထွက်နှုန်း အထူးကောင်းမွန်သော 2000 Series Clones များဖြစ်သည့် 2001, 2004, 2008, 2014 မျိုးများကို ဌာနနှင့် ပုဂ္ဂလိကများ ပူးပေါင်း၍ Rubber ခြံများတွင် ပျိုးပင်များစမ်းသပ်ထုတ်လုပ်နေပေပြီ။

ရော်ဘာစိုက်ပျိုးခြင်းသည် ရော်ဘာပင်မှ ထုတ်လုပ်ရေးလုပ်ငန်း မစမီ ဝင်ငွေရရှိနိုင်ရန်အတွက် ရော်ဘာပင်တန်းကြားတွင် ကြားသီးနှံအဖြစ် (စပါး၊ ပဲအမျိုးမျိုး၊ နာနတ်၊ နှမ်း၊ ပြောင်း၊ ကန်စွန်းဥ၊ ဖရဲ) စသည့် ရာသီသီးနှံများကို စိုက်ပျိုးခြင်းဖြင့် နှစ်စဉ်ဝင်ငွေ ရရှိစေသည့်အတွက် ရော်ဘာစိုက်ပျိုးရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ငွေ၏ တစ်စိတ်တစ်ပိုင်းကို အထောက်အကူပြုစေသည်။ အပင်ငယ်စဉ် ကြားသီးနှံစိုက်ပျိုးခြင်းဖြင့် ပေါင်းရှင်းကုန်ကျစရိတ်ကို သက်သာစေပြီး မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်သည့်အပြင် သစ်ရွက်ဆွေးမြေသြဇာများကိုလည်း ရရှိနိုင်သည်။ ကြားသီးနှံအတွက် ထည့်သွင်းသော မြေဆီသြဇာများမှာ ရော်ဘာပင်အတွက် အာဟာရဓာတ်ကို ရရှိစေသည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်သည်။

ပြည်တွင်းဒေသနှင့် ကိုက်ညီသော မျိုးများကို ရွေးချယ်ထုတ်လုပ်ခြင်း၊ ပြည်ပမှအထွက်ကောင်း မျိုးသစ်များတင်သွင်း၍ ဒေသရေမြေနှင့် ကိုက်ညီမှုရှိမရှိ စမ်းသပ်စိုက်ပျိုးခြင်း ၊ မျိုးစေ့ခြံများ တည်ထောင်ခြင်း၊ ဒေသအလိုက် ထည့်သွင်းရမည့် ဓာတ်မြေသြဇာနှုန်းထားစမ်းသပ်ခြင်း စသည့် ရော်ဘာသုတေသနလုပ်ငန်းများကို ထိရောက်စွာ တိုးချဲ့ထူထောင်၍ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဖော်ထုတ်ဆောင်ရွက်လျက် ရှိပေသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများအတွက်ပါ အကျိုးများသော နှစ်ရှည်ပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရော်ဘာကို လယ်ယာကဏ္ဍ၏ အရေးကြီး သီးနှံအဆင့်သို့ တိုးမြှင့်ပေးပြီးဖြစ်သည်။ တစ်ဧကအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်မှာ စ၍ စိုက်သည်မှ ရှစ်နှစ်အကြာတွင် ဝင်ငွေစတင်ရရှိမည်ဖြစ်ပြီး ရော်ဘာတစ်ဧကပေါ်မှ နှစ်စဉ်ပျမ်းမျှ အမြတ် ငွေကျပ် ၁ဒသမ၀၂သိန်းကျော် ရရှိနိုင်သည်။ စီးပွားရေးသက်တမ်းနှစ် ၃၀အတွင်း တစ်ဧကအမြတ်ငွေကျပ် ၂၃ဒသမ၆၁ သိန်းကျော် ရရှိနိုင်မည်ဖြစ်သဖြင့် ထိရောက်စွာ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကမ္ဘာ့ဖလားပွဲစဉ်နှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ကျင်းပလျက်ရှိရာ ဇွန် ၁၃ ရက် (ယနေ့) **ကစားမည့် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။**

မြန်မာ့လက်ရွေးစင် ဂိုးသမား အောင်အောင်ဦး

တောင်ကိုရီးယားနဲ့ တိုဂိုပွဲကတော့ အတွေ့အကြုံနဲ့ စိတ်ဓာတ်ပိုင်းမှာ တောင်ကိုရီးယားကသာတယ်။ ခြေ စွမ်းလည်းအရမ်းတိုးတက်လာတယ်။ တိုဂိုအသင်းက အတွေ့အကြုံနုပါသေးတယ်။ တောင်ကိုရီးယားတို့ပဲ အနိုင်ရမယ် ထင်ပါတယ်။

ပြင်သစ်နဲ့ ဆွစ်ဇာလန်ပွဲမှာ ပြင်သစ်တို့က အလေးသာပါတယ်။ ပြင်သစ်အသင်းမှာ ဝါရင့်ကစားသမားတွေ အများကြီးပါတယ်။ ကမ္ဘာ့ဖလားသမိုင်းမှာလည်း ပြင်သစ်တို့ အစဉ်အလာရှိတယ်။ ပြင်သစ်အနိုင်ရမှာပါ။

ခရိုအေးရှားအသင်းကို ဘရာဇီးတို့ လွယ်လွယ်တော့ အနိုင်မရနိုင်ပေမယ့် ဘရာဇီးတို့ပဲ နိုင်မယ့်ပွဲပါ။ ခရိုအေးရှားတို့အနေနဲ့ ဘရာဇီးကို အတွေ့အကြုံ၊ နည်းစနစ်၊ တစ်ဦးချင်းနဲ့အသင်းလိုက်မှာ ဘယ်လိုမှ ယှဉ်လို့မရပါဘူး။ ခရိုအေးရှားတို့အမြင့်ဆုံး မျှော်မှန်းနိုင်တာ သရေလောက်ပါပဲ၊ ဒီထက်မပိုနိုင်ပါဘူး။

အဆိုတော်နှင့် သရုပ်ဆောင် ထွန်းထွန်း

တောင်ကိုရီးယားအသင်းက တိုဂိုအသင်းကို နိုင်ဖို့မလွယ်ဘူး။ တိုဂိုအသင်းမှာ ဥရောပအခြေစိုက်ဘောလုံးသမားတွေ အများကြီးပါတယ်။ တိုဂိုအသင်း အနိုင်ရမယ်ထင်တယ်။

ပြင်သစ်နဲ့ ဆွစ်ဇာလန်ပွဲကတော့ ပြင်သစ်တို့ အနိုင်ရမှာပါ။ ပြင်သစ်အနိုင်ရဖို့ အတော်ကစားရမယ်။ ဆွစ်ဇာလန်ကလည်း ခြေစွာတယ်။ ပြင်သစ်က အင်အားတောင့်တဲ့အသင်း အစဉ်အလာရှိတဲ့ အသင်းဆိုတော့ ပြင်သစ်ပဲနိုင်မှာပါ။

ဘရာဇီးနဲ့ ခရိုအေးရှားပွဲကတော့ ဘရာဇီးနိုင်မယ့်ပွဲပါ။ ဘရာဇီးကို ခရိုအေးရှားတို့ မယှဉ်နိုင်ပါဘူး၊ အသင်းလိုက်တစ်ဦးချင်းဘယ်လိုမှ ယှဉ်လို့မရဘူး။ ဘရာဇီးဂိုးပြတ်နိုင်မှာပါ။ ဘရာဇီးအသင်းကစားပုံ ကြည့်ပြီး ပါပြီ၊ အရမ်းကောင်းပါတယ်။ (မြန်မာ့အလင်း)

ကမ္ဘာ့ဖလားအုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင် နယ်သာလန်၊ မက္ကဆီကိုနှင့် ပေါ်တူဂီတို့အနိုင်ရ

စုစည်းတင်ပြသူ

မြင့်မောင်ခိုး

ဘာလင် ဇွန် ၁၂

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဇွန် ၁၁ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အုပ်စု(ဂ)မှ နယ်သာလန်အသင်းက ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ၁၀နာရီခွဲ ပွဲစဉ်တွင် အုပ်စု (ဃ)မှ မက္ကဆီကိုအသင်းက အီရန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ကပ်၍အနိုင်ရ

တစ်ဖန် နံနက် ၁ နာရီခွဲ ပွဲစဉ်တွင် အုပ်စု(ဃ)မှ ပေါ်တူဂီအသင်းက အင်ဂိုလာအသင်းကို တစ်ဂိုးတည်းဖြင့် ကပ်၍ အနိုင်ရလိုက်သည်။

ဆားဘီးယားနှင့် နယ်သာလန်အသင်းပွဲကို သုံးသပ်ကြည့်ရာတွင် နယ်သာလန်က ခက်ခဲစွာ ကစားခဲ့ရသည်။ ချယ်လ်ဆီး တိုက်စစ်မှူး အာဂျင်ရော်ဘင်က ပွဲချိန် ၁၈မိနစ်တွင် ဗန်ပါစီထိုးပေးလိုက်သော ဘောလုံးကို ဆွဲပြေးသွားပြီး ဆားဘီးယားဂိုးသမား ဂျက်ဗ်ရစ်ကို ကျော်ဖြတ်၍ မြေလိမ့်ဘော သွင်းယူလိုက်သည်။

မက္ကဆီကိုအသင်းမှ အော့ဆိုရီယို(၀)၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို အီရန်မှ ဂျာဗက်က ဥာဉ်သို့ ဟန့်တားခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ပေါ်တူဂီ ကွင်းလယ်ကစားသမား ဖီဂို(ယာ)၏ ပြေးလွှား ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆားဘီးယား တိုက်စစ်မှူးဒီဂျော့ဒ်ဂျီဗစ် ဝဲတောင်ပံမှ ခုတ်တင်ပေးလိုက်သော ဘောလုံးမှာ နယ်သာလန် ဂိုးဧရိယာအတွင်း ကျချိန်တွင် တိုက်စစ်မှူး မီလိုဆီဗစ် အဝင်နောက်ကျ၍ ဂိုးမရဘဲ ဖြစ်သွား ရသည်။

ပါဝင်ကစား

အက်စ်တွန်ဗီလာ တိုက်စစ်မှူး မီလိုဆီဗစ်သည် အရှိန်ပြင်းစွာဖြင့် ကန်သွင်းရာ မန်ယူဂိုးသမားဗန်ဒါဆာ ကာကွယ်လိုက်ရသည်။ မီလိုဆီဗစ်သည် ဆားဘီးယားအသင်းအတွက် နိုင်ငံတကာပွဲပေါင်း ၉၉ပွဲ အဖြစ် ပါဝင်ကစားခဲ့သည်။ ၎င်း၏ ဇွန် ၁၆ ရက်တွင် အာဂျင်တီးနားနှင့် ကစားမည့်ပွဲသည် နိုင်ငံတကာပွဲ ၁၀၀ မြောက် ပါဝင်ကစားသူဖြစ်လာမည် ဖြစ်သည်။

သက်သောင့်သက်သာ

ဒုတိယပွဲဖြစ်သည့် မက္ကဆီကိုအသင်းနှင့် အီရန်အသင်းတို့ပွဲကို လေ့လာရာတွင် အိုမာဘရာဗို၏နှစ်ဂိုးနှင့် ဇင်ဟာ၏ဂိုးဖြင့် အီရန်အသင်းကို သက်သောင့်သက်သာဖြင့် အနိုင်ရလိုက်သည်။

မက္ကဆီကိုအသင်းသည် ဖရန်ကို၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဘရာဗိုက ပွဲချိန်၂၈မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၃၆မိနစ်တွင် အီရန်က ထောင့်ကန်ဘော ကန်ခွင့်ရရှိခဲ့သည်။ ယင်းထောင့်ကန်ဘောမှ တစ်ဆင့် မက္ကဆီကိုဂိုးရှေ့တွင်ရှုပ်ထွေးနေစဉ်အတွင်း မိုဟာမက်က ချေပဂိုးသွင်းယူလိုက်သည်။ သို့သော်လည်း အီရန်နောက်တန်းလူ ရီဇာအီးလ်၏ အမှားကြောင့် မက္ကဆီကို တိုက်စစ်မှူး ဇင်ဟာ ဘောလုံးရသွားပြီး ဘရာဗိုအား ထိုးပေးလိုက်စဉ် ဘရာဗိုက မက္ကဆီကိုအသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူပေးခဲ့ပြန်သည်။

ခေါင်းတိုက်သွင်းယူ

မက္ကဆီကိုအသင်းအတွက်တတိယ အနိုင်ဂိုးကို မန်ဒက်ဇ် ညာတောင်ပံမှ ဖြတ်ပို့သော ဘောလုံးကို ဇင်ဟာက ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းရလဒ်ကြောင့် အီရန်အသင်းသည် ကမ္ဘာ့ဖလားမှတ်တမ်းတင်ရန် အောင်မြင်မှုမှတ်တမ်း ရှုံးနိမ့်သွားခဲ့ရသည်။

အမှတ်တူ

ဆက်လက်၍ နံနက် တစ်နာရီခွဲ ပွဲစဉ်တွင်အင်ဂိုလာအသင်းနှင့်ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီက တစ်ဂိုးတည်းဖြင့် ကပ်၍ နိုင်ပြီး တစ်အုပ်စုတည်း မက္ကဆီကိုအသင်းနှင့်အတူ အမှတ်တူရရှိလိုက်သည်။

ပွဲစသည်နှင့် ပေါ်တူဂီအသင်းသည် အဖွင့်ဂိုးသွင်းရန် ကြိုးစားရာ ပွဲချိန် ငါးမိနစ်တွင် လူးဝစ်ဖီဂို ပြေးဆွဲသွားပြီး ထိုးပေးလိုက်သောဘောလုံးကို ပေါလက်တာက ကန်သွင်းလိုက်၍ ဂိုးစတင်ရရှိသွားခဲ့သည်။

အပြင်းအထန်

ပေါ်တူဂီ ကွင်းလယ်ကစားသမား ရိုနယ်ဒို၏ ခေါင်းတိုက်ဂိုးမှာ ဂိုးဘားတန်းထိပြီး ပြန်ထွက်လာသည်။ ပထမပိုင်းပြီးခါနီးတွင် အင်ဂိုလာအသင်းက အပြင်းအထန်တိုက်စစ်ဆင် ကစားခဲ့သည်။

ဒုတိယပိုင်းတွင် ပေါ်တူဂီတို့ ခြေစွမ်းမပြနိုင်ဘဲရှိသည်။ ပထမပိုင်း သွင်းယူထားသောဂိုးဖြင့်သာ နှစ်သိမ့်လိုက်ရသည်။ ဖီဂိုသည် ပေါ်တူဂီအသင်းအတွက် ပွဲအများဆုံး ကစားပေးခဲ့သူဖြစ်လာသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဖီဂိုသည် ဆာဘရိဆာနှင့် ရိုနယ်ဒိုတို့နှင့်အတူ အလယ်တန်း၏ အဓိက ကစားသမားများအဖြစ် ပါဝင်ကစားခဲ့သည်။

စံချိန်အများဆုံးထိန်း

ပေါ်တူဂီအသင်းသည် ပွဲပေါင်း ၁၅ပွဲကစားရာတွင် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ခဲ့သည်။ ရှုံးပွဲမရှိ စံချိန်ကို အများဆုံးထိန်းထားနိုင်သည့် အသင်းလည်းဖြစ်သည်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလား နောက်ဆုံးသတင်းများ

ဘာလင် ဇွန် ၁၂

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲကျင်းပနေပြီဖြစ်ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးသတင်းနှင့် ဖြစ်ရပ်များကို မြန်မာ့ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဘရာဇီးအဖွင့်ပွဲစဉ်၌ ရော်နယ်ဒိုပါဝင်မည်

ကမ္ဘာကျော်ဘောလုံးသမားနှင့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် ဘရာဇီးအသင်း ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်ဖြစ်သော ခရိုအေးရှားအသင်းနှင့် ပွဲတွင် ပါဝင်မည်ဖြစ်ကြောင်း ဘရာဇီးအသင်း အုပ်ချုပ်သူများက ပြောကြားလိုက်သည်။

ရော်နယ်ဒို၏ ခြေထောက်ဒဏ်ရာမှာ သက်သာပျောက်ကင်းသွားပြီဖြစ်ရာ ကြံ့ခိုင်မှုလည်းရှိနေကြောင်း၊ ခရိုအေးရှားနှင့် အဖွင့်ပွဲစဉ်တွင် ရော်နယ်ဒို ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း၊ ပြဿနာ တစ်စုံတစ်ရာမျှ မရှိကြောင်း ဘရာဇီးအသင်း၏ ကျန်းမာရေးဆိုင်ရာ ဒေါက်တာ ဂျို့လူဝစ်ရန်ကိုက ပြောကြားသည်။ ရော်နယ်ဒိုသည် အသက် ၂၉နှစ်အရွယ်ရှိကာ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တစ်ဦးတည်း ရှစ်ဂိုးသွင်းကာ ရွှေဖိနပ်ဆုရရှိခဲ့သူဖြစ်သည်။

ထရီနီဒက်နှင့်ပွဲစဉ်၌ ပါဝင်ကစားမည့် အင်္ဂလန် တိုက်စစ်မှူး ရွန်နေ။ (ဓာတ်ပုံ–အင်တာနက်)

ရွန်နေ ထရီနီဒက်နှင့်ပွဲ၌ ပါဝင်ကစားမည်

အင်္ဂလန်လူငယ်တိုက်စစ်မှူး ရွန်နေသည် အင်္ဂလန်အသင်း ကမ္ဘာ့ဖလား ဒုတိယပွဲစဉ်ဖြစ်သည့် ထရီနီဒက်နှင့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်နည်းပြ အဲရစ်ဆင်က ထရီနီဒက်နှင့်ပွဲတွင် ရွန်နေကို ထည့်သွင်းကစားရန် မဆုံးဖြတ်ရသေးသော်လည်း ရွန်နေ၏ ခြေထောက်ဒဏ်ရာမှာ ကစားရန်ခွင့်ပြုချက်ရရှိထားကြောင်း၊ နောက်ဆုံး ဓာတ်မှန်ရိုက်ချက်တွင်လည်း ကောင်းမွန်နေပြီဟု ဖော်ပြထားရာ အဲရစ်ဆင်က ရွန်နေကို ပါဝင် ထည့်သွင်းကစားရန် စီစဉ်လျက်ရှိသည်။



ခရိုအေးရှားနှင့်ပွဲစဉ်၌ ပါဝင်ကစားမည့် ဘရာဇီး တိုက်စစ်မှူး ရိုနယ်ဒို။ (ဓာတ်ပုံ–အင်တာနက်)

ရွန်နေ အသက်(၂၀)နှစ်သည် ယခုအခါလေ့ကျင့်ခန်းအပြည့်အဝ ပြုလုပ်နေပြီး ပုံမှန်အတိုင်း ဘောလုံးကစားမှုများကို ကစားဖော်များနှင့် အတူ လေ့ကျင့်ကစားနေပြီဖြစ်သည်။ ကစားဖော် ဖာဒီနန်က ရွန်နေပွဲကစားရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ၎င်းကို အခွင့်အရေးပေးသင့်ကြောင်း ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းသည် ဇွန် ၁၅ ရက် ကမ္ဘာ့ဖလား ဒုတိယပွဲစဉ်အဖြစ် ထရီနီဒက်အသင်းနှင့် ကစားရမည်ဖြစ်ရာ ရွန်နေ ပါဝင်ကစားရန် ကစားဖော်များဖြစ်သည့် ဘက်ခမ်း၊ ဖာဒီနန်၊ နဗီးလ်နှင့် လမ်းပတ်တို့ကလည်း လိုလားလျက်ရှိသည်။

ဝေါကော့တ်လေ့ကျင့်စဉ်ဒဏ်ရာရရှိ

အင်္ဂလန်အသင်း၏ ဆယ်ကျော်သက် တိုက်စစ်မှူးလေး ဝေါကော့တ်သည် ဇွန် ၁၁ ရက် လေ့ကျင့်ရေးပြုလုပ်စဉ် ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း သိရသည်။

ဝေါကော့တ်သည် ဘောလုံးလေ့ကျင့်စဉ် ခြေထောက်ဒဏ်ရာအနည်းငယ်ရရှိသွားခဲ့ရာ နည်းပြ အဲရစ်ဆင်က ဂရုစိုက်ကုသပြီး အားပေးလျက်ရှိ သည်။ အဲရစ်ဆင်သည် အသက်၁၇ နှစ်အရွယ် လူငယ်တိုက်စစ်မှူးလေးကို ဇွန်၁၅ ရက်၌ကစားမည့် ထရီနီဒက်နှင့်ပွဲတွင် ထည့်သွင်းကစားရန် စီစဉ်ထားသည်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရော်ဘင်ရရှိနိုင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို ရွန်နေနှင့် ရော်ဘင်တို့ ရရှိနိုင်မည်ဟု ထင်မြင်ယူဆချက်များ ထွက်ပေါ်နေရာမှ ရော်ဘင် ရရှိနိုင်မှု ပိုမိုများလာကြောင်း သိရသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နယ်သာလန်အသင်း အဖွင့်ပွဲစဉ်အဖြစ် ဆားဘီးယားအသင်းနှင့် ကစားခဲ့သည့်ပွဲ၌ ရော်ဘင် ခြေစွမ်းပြကစားပြီး ဂိုးလည်းသွင်းနိုင်ခဲ့ရာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် နာမည်အကျော်ကြားဆုံး ဘောလုံးသမားတစ်ဦးဖြစ်လာနိုင်ကြောင်းနှင့်ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိနိုင်သူတစ်ဦးဖြစ်ကြောင်း ရေပန်းစားမှု တစ်ရှိန်ထိုးမြင့်တက်လာသည်ဟု နယ်သာလန်အသင်း ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အင်္ဂလန်အလယ်တန်းအကောင်းဆုံးဖြစ်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အသင်းများ၌ အင်္ဂလန်အသင်း အလယ်တန်းသည် အကောင်းဆုံးဖြစ်ကြောင်း ဘရာဇီးဘောလုံးသမား ကာကာက ပြောကြားလိုက်သည်။ စတီဗင်ဂျရတ်၊ ဖရန့်လမ်းပတ်နှင့် ဒေးဗစ်ဘက်ခမ်းတို့သည် အကောင်းဆုံး ကွင်းလယ်ကစားသမားများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နယ်သာလန်ဂိုးသမား ဗန်ဒါဆာဒဏ်ရာရရှိခဲ့

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နယ်သာလန်နှင့် ဆားဘီးယားတို့ပွဲတွင် နယ်သာလန်ဂိုးသမား ဗန်ဒါဆာ ခြေချင်းဝတ်ဒဏ်ရာမှာ နာကျင်မှုရှိနေသော်လည်း နယ်သာလန်အသင်း ဆရာဝန်က နောက်ပွဲစဉ်များ၌ ပါဝင်ကစားနိုင်အောင် ကြိုးစားပေးသွားမည်ဟု ဆိုသည်။ ဗန်ဒါဆာသည် ဆားဘီးယားနှင့်ပွဲတွင် သေချာပေါက်ဂိုးနှစ်ဂိုး ကာကွယ်ပေးနိုင်ခဲ့သည်။

တိုဂိုအသင်း နည်းပြအသစ် အမြန်ခန့်ရ

တိုဂိုအသင်း နည်းပြ အော့တိုဖစ်စတာသည် ဇွန် ၉ ရက်က ရုတ်တရက် နုတ်ထွက်သွားရာ တိုဂိုနည်းပြသစ်အဖြစ် ဝင်ဖရေးရှက်ဖာကို အမြန်အစားထိုး ခန့်လိုက်ရသည်။ တိုဂိုအသင်း နည်းပြသစ် ရှက်ဖာသည် ဇွန် ၁၃ ရက်၌ တောင်ကိုရီးယားအသင်းနှင့်ယှဉ်ပြိုင်သည့် အဖွင့်ပွဲစဉ်မှ စတင်ကာ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ ။ **(ကိုးကား–အင်တာနက်)**

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်
ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၃၅၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၀၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။
ဖုန်း - ၂၉၄၃၁၈

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင် ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများ ထောက်ပံ့ကူညီ

ရန်ကုန် ဇွန် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော အသင်းဝင် ထူးချွန်ကျောင်းသား ကျောင်းသူများသို့ ပညာသင်စရိတ်နှင့် ကျေးလက်မီးလင်းရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁၀ ရက်တွင် ပြည်မြို့ တိုင်းအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ပညာထူးချွန်ပြီး ချို့တဲ့သော ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရန် ထောက်ပံ့ကူညီမှု၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ နှစ်စဉ် စာအုပ်နှင့် စာရေးကိရိယာလှူဒါန်းမှု အခြေအနေ၊ ကျောင်းသုံးပရိဘောဂ လိုအပ်ချက်ရှိသော မူလတန်းကျောင်းများအတွက် စားပွဲ၊ ထိုင်ခုံများလှူဒါန်းဖြည့်ဆည်းရန် ဆောင်ရွက်ထားရှိမှုများ အပါအဝင် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ပညာသင် ထောက်ပံ့ငွေများကို ကျောင်းသားကျောင်းသူတစ်ဦးချင်းသို့လည်းကောင်း၊ ကျေးလက်မီးလင်းရေး အလှူငွေများကို ကျေးရွာကိုယ်စားလှယ်များသို့ လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ပြည်မြို့ ဓမ္မောဒယဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၀ ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ကျောင်းထိုင် ဆရာတော်များထံသို့ လှူဒါန်းကြသည်။

လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ပြည်မြို့ မှတ်ရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့်ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းများ၌ လိုအပ်လျက်ရှိသော စာရေးစားပွဲနှင့် ထိုင်ခုံများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမကြီးများထံ လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ဇွန် ၁၁ ရက်တွင် ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု စပါးခွဲ ဓိဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၏ ကျေးလက် မီးလင်းရေး ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူငွေ ရရှိမှု၊ လောင်စာရရှိမှုနှင့် ဓာတ်အားဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ စာရေးစားပွဲနှင့် ထိုင်ခုံများကို ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ အသင်းသား အသင်းသူများအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ရပ်ရွာလုံခြုံရေးဆိုင်ရာ ကိစ္စများတွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ မူလတန်းကျောင်းများအတွက် ယခုပညာသင်နှစ်အတွင်း လိုအပ်သည့် စာရေးစားပွဲနှင့် ထိုင်ခုံများကို ပထမအဆင့်အနေဖြင့် ဖြည့်ဆည်းပြီးပါက အလယ်တန်းကျောင်းများ အတွက် ဆက်လက် ပံ့ပိုးဖြည့်ဆည်းသွားရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း(အနောက်ပိုင်း)က စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း(တာမွေလေး သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ၇၉ နေ ဦးချွန်ယုံ၏ (၈၀)ပြည့် မွေးနေ့အဖြစ် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

ကနောင်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၂

ကနောင်အသင်း(ရန်ကုန်)၏ တတိယအကြိမ် စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇွန် ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက် ဆုထူးပန်ဆရာတော် သလ္လာအရှင်ပဏ္ဍိတ(အသင်း၏ ဂုဏ်ထူးဆောင်နာယက)အား အမှူးထား၍ ကျင်းပမည်ဖြစ်သည်။ သင်္ကန်းဒွိစုံများကို အသင်းဥက္ကဋ္ဌ ဦးစိုးထွေး ဖုန်း-၂၉၆၃၇၂၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၂၄၂၀၇၂၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စိန်သန်း ဖုန်း-၂၉၄၂၅၀ နှင့် ဒေါ်ကြည်ကြည်မြင့်(စာရင်းစစ်)ဖုန်း-၇၀၈၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၁၂

ရန်ကုန် ဂေါက်အသင်း (တည်င်းကုန်း)တွင် ဇွန် ၁၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကစားဖော်များဖြစ်သော ဦးသောင်းစိန်၊ ဦးခိုင်ဦး၊ ဦးစန်းမြင့်နှင့်အတူ ဦးထွန်းလင်း(MD) ခေတ်အလိုက် ကုမ္ပဏီလီမိတက်သည် ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၈)မှ Titelist Pro V1 No.(3) ဘောလုံးအား Precept Iron No.(4) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း ရှေ့လုပ်ငန်းစဉ်များ ကဏ္ဍအလိုက် ဆောင်ရွက်မှုရှင်းလင်းဆွေးနွေး

လားရှိုး ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။ (ဝဲပုံ)

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဌာနမှူးနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်ပြီး ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ချယ်ရီက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(ပြည်နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ မင်းဘူး(စကု)၌ကျင်းပ

မင်းဘူး ဇွန် ၅

မင်းဘူး(စကု)မြို့နယ် ၂၀၀၆–၂၀၀၇ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲများကို ဇွန်၃ရက် နံနက်၉နာရီက သစ်တောဦးစီးဌာန ငါးကေစိုက်ခင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ငါးကေစိုက်ခင်းတို့တွင်ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းမှတာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။

အခမ်းအနားတွင် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ကြက်ဆူပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပြီး ကြက်ဆူပင်စိုက်ပျိုးပေးသည်။

အဆိုပါ ကြက်ဆူပင်စိုက်ပျိုးပွဲ၌ သစ်တောဦးစီးဌာန ငါးကေစိုက်ခင်းတွင် ကြက်ဆူပင် ၅၅၀၀ နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ငါးကေစိုက်ခင်းတွင် ကြက်ဆူပင်၆၀၀၀ စုစုပေါင်း၁၁၅၀၀စိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

သနပ်ပင်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

သနပ်ပင် ဇွန် ၆

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀ စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၂၉ ရက်က တာဝရေတံခါးကျေးရွာ စံပြစိုက်ခင်းတွင်ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများစုပေါင်း တက်ရောက်ကြသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က မြို့နယ်အတွင်း ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ဆက်လက်စိုက်ပျိုးမည့် အစီစဉ်များကို ရှင်းလင်းတင်ပြရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် ပျိုးထုပ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများသို့ ဖြန့်ဝေပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀ တွင် တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** (၃၄၇)

ဆွာနာလျှာနာရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

ဝိုင်းမော် မေ ၃၁

ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျွဲ၊နွားများ ခွာနာလျှာနာရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမဆောင်တွင် ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြပြီး မြို့နယ်အတွင်းရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးအက်စ်ယိန်းခေါ်က မိုးဦးကာလတွင်ဖြစ်တတ်သော ကျွဲ၊နွားများခွာနာလျှာနာရောဂါ ကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၄)ရက်
၁၄–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဒဂုံဆိပ်ကမ်းစက်မှုဇုန်ထုတ် မီးခလုတ်များအကြောင်း)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ပတ်တီးဆရာများ၏ ပုံရိပ်လက္ခဏာများ–ဦးအောင်ကြယ်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ပျော်ရွှင်သောမိသားစု–အောင်ကောင်း)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁)မိုးဘွဲ့သီချင်းခန့်နှင့် မြင်ဆိုင်းကြာပန်းကြိုး–ကောလိပ်မြိုင်
(၂)မြိုင်ခြေခိုင်ရွှေ(ပတ်ပျိုး)–ခင်မောင်လွင်
(၃)အောင်မင်္ဂလာ(ယိုးဒယား)–တက္ကသိုလ်ခိုင်ခိုင်မော်
(၄)ရွှေပစ္စုန်(ယိုးဒယားသံဆန်း)–သန်လျင်မြင့်စိုးအောင်

ညနေပိုင်း

၁၆း၃၀ **၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်ပြုံးနှင်းဆီ
(၂) မျက်နက်ဝန်းလေးမှတစ်ဆင့်
(၃) ချစ်မိုးကြီးခေါင်နေသလားကွယ်
၁၇း၃၀ အစာနှင့်အာဟာရ (သရက်သီး)
၁၇း၄၅ သူ့လက်သံ(အဆို၊အက၊အရေး၊အတီးဆုရ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် တနင်္သာရီတိုင်းမှမချိုမာထွန်းတို့၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)တရားအားထုတ်ခြင်းအကြောင်း သိကောင်းစရာများ–ဦးကျော်ဇေယျ
(၂)ကျန်းမာသက်ရှည် ဆေးနည်းဆေးပင်များ–စေတနာလှိုင်–ရေစကြို
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အတူတူဆိုရင် တေးစီးရီး)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တစ်ကမ္ဘာခြားလည်း ချစ်နေမယ် တစ်ယောက်ထဲ
(၂) ခရေပင်အောက်က ပိတောက်ချစ်သူ
(၃) ကြာလေလေ ခိုင်မြဲလေလေ

ကောလင်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ သုတ ရသ စာအုပ်မျိုးစုံနှင့် ဂျာနယ်များလှူဒါန်း

ကောလင်း မေ ၃၁

ကောလင်းမြို့နယ် အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပထမအကြိမ် စာအုပ်၊ ဂျာနယ်၊ သတင်းစာများ ပေးအပ်လှူဒါန်းပွဲကို မေ၁၂ရက်က မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက မြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ ဂျာနယ်၊ သတင်းစာများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ခင်မို့မို့စာပေက သုတရသ စာအုပ်မျိုးစုံ ၂၀၀၊ ဂျာနယ် ၂၄၀၀ ကို လည်းကောင်း၊ ကြယ်စင်စာပေက သုတရသ စာအုပ်မျိုးစုံ၁၃၂အုပ်၊ဂျာနယ်၁၄၆၃ စောင်ကိုလည်းကောင်း၊မန္တလေးမြို့ ဦးထွန်းအောင်ကျော်–ဒေါ်ခင်ငွေမိသားစုက သုတရသစာအုပ်မျိုးစုံ ၈၁ အုပ်၊ ဂျာနယ် ၄၉၃ စောင်ကိုလည်းကောင်း၊ကောလင်းမြို့ မြို့မရပ် ဦးတင်အောင်–ဒေါ်မြင့်မြင့်ဌေး (ရွှေကျီးသာစတိုး)က သုတရသစာအုပ်မျိုးစုံ၈၀၊ဂျာနယ်၃၅၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(၀၂၆)**

မန္တလေး၌ ငွေစုဘဏ်လုပ်ငန်းများဆိုင်ရာ သင်တန်းဖွင့်

မန္တလေး ဇွန် ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်လုပ်ငန်းများဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၀၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ရက် နံနက် ၉ နာရီက မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(အထက်မြန်မာပြည်)ဘဏ်လုပ်ငန်း သင်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် မန္တလေးတိုင်း မန်နေဂျာ၊ ဒုတိယတိုင်းမန်နေဂျာ၊ မန္တလေးမြို့ပေါ်ရှိ ဘဏ်ခွဲများမှ ဘဏ်ခွဲမန်နေဂျာများ၊ လက်ထောက်မန်နေဂျာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် မန္တလေးတိုင်း ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

အဆိုပါ ငွေစုဘဏ်လုပ်ငန်းများဆိုင်ရာသင်တန်းသို့ မြန်မာ့စီးပွားရေးဘဏ် (အထက်မြန်မာပြည်)မှ ဘဏ်ဝန်ထမ်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဂုဏ်အတွင်း ငွေကျပ် သိန်း၃၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော သိမ် အဆောက်အအုံသစ်အတွက် မေ ၂၆ ရက်က မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ နှစ်ဖက်သောမိဘများအားအမှူးထား၍ မောင်မျိုးရွှေတောင်ရပ်နေ ဗိုလ်မှူး မင်းမင်းကို-ဒေါက်တာရူပကျော်မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ် လှူဒါန်းစဉ်။ (၁၆၈)

ကော့သောင်းမြို့၌ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကော့သောင်း ဇွန် ၅

ကော့သောင်းခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ခြစည်းရိုးကြက်ဆူပင်စိုက် ပျိုးပွဲအခမ်းအနားကို မေ၂၈ရက် နံနက် ၈နာရီက ရွှေမင်းဝံကွက်သစ်ငါးသုံးလုံး တောင်ကျော့တွင်ကျင်းပရာ ခြစည်းရိုး ကြက်ဆူပင် ၇၀၀၀ကို ကော့သောင်း ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက စုပေါင်းစိုက် ပျိုးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့် ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေ တို့က အမှတ်တရ စိုက်ပျိုးပေးကြ သည်။ (၃၈၉)

ဆီဆိုင်မြို့နယ် ထီတမောင်း ကျေးရွာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူ မျိုး များ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊နီပွန်းဖောင်ဒေးရှင်း နှင့် ကျေးလက်ပြည်သူများပူးပေါင်းဆောက်လုပ် ပြီးစီးသော ထီတမောင်း ကျေးရွာ အခြေခံပညာမူလ တန်း လွန် ကျောင်းဆောင်သစ်ကြီးကို မေ၁၉ရက်က နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ဦးဇော်လွင်ဦး၊ ရှမ်းပြည် နယ် ပညာရေးဌာန ပြည်နယ်စစ်ဆေးရေးမှူး ဦးငွေးမြင့်၊ နီပွန်းဖောင်ဒေးရှင်း ဌာနေကိုယ်စားလှယ် မစ္စတာဆိုက်ကိုနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် ဝင်္ကဘာလမ်း ငါးထပ်ကြီး အနောက် ရပ်ကွက် ဥက္ကဋ္ဌ ဦးဇော်တင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ အစည်း များ စုပေါင်း၍ ဇွန်၁၀ ရက်က ခြစည်းရိုး ကြက် ဆူ ပင် များ စုပေါင်း စိုက်ပျိုး ကြစဉ်။ (က-ပ)

ကျောက်ဆည် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဆည် ဇွန် ၃

ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၁၀/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို မေ၂၆ရက် မွန်းလွဲ ၁နာရီက ခရိုင်ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးကောင်းလွင်က အမှာစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ် ၁၀ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၅၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ (က-ပ)

ဂုဏ်ပြုလှူဒါန်းပေးအပ်

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာတွင်ဇွန်၇ရက်က အလှူငွေ ပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်အမှတ်၇(အေ) ပန်းလှိုင်လမ်းနေ ဒေါ်မွှေးမွှေး (၉၁နှစ်)ပြည့် အထိမ်းအမှတ် အဖြစ် ငွေကျပ်တစ်သိန်း လှူဒါန်း ရာ ဘိုးဘွားရိပ်သာ အဖွဲ့ဝင် ဦးကျော်သန်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (၃၈၀)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး မြောင်မြို့၌ဆွေးနွေး

မြောင် ဇွန် ၆

မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ထီးလှိုင်ရှင် အစည်းအဝေးခန်းမတွင် မေ၃၁ရက် နံနက်၉နာရီက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို အဆိုပါရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ ရေး၊ စာအုပ်စာစောင်များစနစ်တကျ ထားရှိရေး၊ စာအုပ်စာစောင်များ တိုးပွား ရရှိရေးနှင့် အဆောက်အအုံများနှင့် ပရိဘောဂများ အလှူခံရရှိရေးတို့ကိုဆွေးနွေး ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေး ဟောပြော

အရာတော် ဇွန် ၇

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်က သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်မြင့်ခိုင်က သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရောဂါလက္ခဏာများ၊ ကူးစက်ပျံ့နှံ့ပုံများ၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အသေးစိတ် ပညာပေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ဆိပ်သာကျေးရွာ အမကကျောင်းသားများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ပရိဘောဂများလှူဒါန်း

အင်းတော် ဇွန် ၈

အင်းတော်မြို့နယ် ဆိပ်သာကျေးရွာအခြေခံပညာမူလတန်းကျောင်းရှိ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ကျောင်းသားကျောင်းသူများအတွက် ပွိုင့်နေကြာမိသားစု (မန္တလေး)နှင့် ပွိုင့်နေကြာကိုယ်စားလှယ် ဦးစိုးမြင့်-ဒေါ်ခင်မြိုင်မိသားစုတို့က အလှူငွေကျပ် ငါးသိန်းတန်ဖိုးရှိ စာအုပ်၊ စာရေးကိရိယာနှင့် ပရိဘောဂပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဇွန်၂ရက် နံနက်၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းနိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖိုးအံ့တို့က အမှာစကား ပြောကြားကြပြီး အလှူရှင် ပွိုင့်နေကြာကိုယ်စားလှယ် ဦးစိုးမြင့်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာ

ထို့နောက်အလှူရှင် ပွိုင့်နေကြာကိုယ်စားလှယ် ဦးစိုးမြင့်နှင့် ဒေါ်ခင်မြိုင်တို့ကကျပ်ငွေငါးသိန်းတန်ဖိုးရှိ စာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းသုံးပရိဘောဂများကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ရီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၁၃၃)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခြစည်းရိုးကြက်ဆူ၂၅ဧကစိုက်ခင်းတွင် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ခြစည်းရိုးကြက်ဆူပင်များ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဇော်ခင်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေး နှိုးဆော်ချက်(၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများ စွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော သို့မဟုတ် ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်း တီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါ သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၂

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ရာ ကမာရွတ်မြို့နယ်နေ မိဘများဖြစ်ကြသော ဦးမြတ်စိုး-ဒေါ်မြင့်မြင့်ဆွေတို့အား ရည်စူးပြီး ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီးမရတနာစိုးနှင့် သားသမီးမြေးတစ်စု**(ယာပုံ)**က ဂေါတမရုပ်ပွားတော် သီတင်းသုံးသည့် ကြေးဂူတိုက်စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၆၅၀၀၀၀၊ သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ ခိုင်မာလာလမ်း အမှတ်(၂)နေ ဦးလှအောင်(M.D Hlamaring Services) ကုမ္ပဏီ-ဒေါက်တာစန္ဒာကောင်းမြင့်မိသားစုက နှစ်လက်မပတ်လည် ရွှေဆိုင်းငါးဆိုင်း၊ ဖခင်ဦးကောက် - မိခင်ဒေါ်အုန်းကြည်၊ အစ်ကို အစ်မ၊ မောင် ညီမများအား ရည်စူး၍ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ ဦးဇော်ဝင်း-ဒေါ်ခင်သူ(ခ) ဒေါ်ကျင်အုန်းမိသားစုက ကိုးလက်မပတ်လည် ရွှေချပြီး ရွှေပြားအချပ် ၂၀၊ သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ ခိုင်မာလာလမ်း အမှတ်(၂)နေ ဒေါ်တင်ဖုန်းက အသက်(၇၀)ပြည့် မွေးနေ့အထိမ်းအမှတ် နှစ်လက်မရွှေဆိုင်းတစ်ဆိုင်း၊ သုဝဏ္ဏရွှေအင်ကြင်းရိပ်သာနေ ဦးတင်အုန်း-ဒေါ်ကျင်မြိုင်မိသားစု၊ ဒဂုံမြို့နယ် ပဲခူးကောလိပ်နေ ဦးမင်းညွန့်-ဒေါ်လှမြင့်ကြည် မိသားစုတို့က ၁၂လက်မပတ်လည်ရွှေပြားတစ်ချပ်စီကို ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉သို့ ဇွန်၁၀ ရက်က လှူဒါန်းရာ အင်းစိန် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးတိုးကြည် (ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူးဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ တွဲဖက်အတွင်းရေးမှူး ဦးသွင်ဦး၊ ဦးကြည်စိုး (တရားရုံးချုပ်ရှေ့နေ)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြကြောင်း သိရသည်။ **(ဝ၄၆)**

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲ

ရန်ကုန် ဇွန် ၁၂

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်း တည်ထောင်တော်မူသောတိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ်(၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ဒွါဒသမကြိမ်မြောက် ရာသက်ပန်ဆွမ်းပဒေသာအပင် ၁၀၀၀ပြည့် ရေစက်ချပွဲ အခမ်းအနားကို ဇွန် ၂၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဖိတ်စာမရရှိသော်လည်း ၈-၉-၂၀၀၅ ရက်မှ ၁၄-၃-၂၀၀၆ ရက်အထိ လှူဒါန်းထားကြသော ဆွမ်းပဒေသာပင်အလှူရှင်များသည် ရေစက်ချပွဲ အခမ်းအနားသို့ ကြွရောက်နိုင်ပါကြောင်းဖြင့်ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈ နှင့် ၂၂၂၂၇၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် ဂန္ဓမာလမ်းနေ ဦးသိန်းလှိုင်-ဒေါ်အေးအေး (အေးမေတ္တာဆေးဆိုင်)မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး(၂)ဦးလှသိန်း၊ အမှုဆောင် ဦးလှသန်းနှင့်အဖွဲ့တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဥ်။ (က-ပ)

ဝိုင်အမ်ဘီအေ အမှုဆောင်သစ်ရွေးချယ်ပွဲ

ရန်ကုန် ဇွန် ၁၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ဇွန်၂၅ရက်နံနက် ၉နာရီတွင် ဝိုင်အမ်ဘီအေအသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အကြံပြု၊ အဆိုပြုလွှာတင်သွင်းလိုပါက ခုနစ်ရက်ကြိုတင်ပို့ရန်နှင့် အသင်းဝင်ကတ်ပြား တစ်ပါးတည်းယူဆောင်လာရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၃၅၂)**

မြောက်ဦးမြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် ဦးဆောင်၍ တောင်ရပ် ရပ်ကွက်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍မေ၂၀ရက်က လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြကြစဥ်။ (မြို့နယ် စည်ပင်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်ဆောင်ရွက်ပြီးသော ဝမ်မိုင်ရပ်ကွက် နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းပြီးစီးမှုကို မေ ၅ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးစဥ်။ (မြို့နယ် စည်ပင်)

မြစ်ကြီးနားမြို့၌ သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား မေ ၂၀

ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မေ ၂ ရက်က ဈေးနှင့် သားသတ်ဌာနစိတ် ဒုတိယဦးစီးမှူး(ဈေး)က ကြီးကြပ်၍ ဈေးဝန်ထမ်းများသည် ခေတ်မီနှစ်ထပ်ဈေး၊ အမှတ်(၂)ဈေးနှင့် ကမ်းနားလမ်းဈေးများအတွင်းရှိ ရေဆိုးထွက်မြောင်းများ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များနှင့် နုန်းမြေများဆယ်ထုတ်ခြင်း၊ ဈေးကြီးအတွင်းရှိ လမ်းသွယ်လမ်းကြားအားလုံး ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးအေးဆွေကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

ချို့တဲ့နွမ်းပါးကလေးများအတွက် စာရေးကိရိယာနှင့် အလှူငွေများပေးအပ်

ဟားခါး ဇွန် ၂

ချင်းပြည်နယ် ဟားခါးမြို့၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းနေ အရွယ်အားလုံး ကျောင်းနေရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ၂၆ရက် နံနက်၁၀နာရီကဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဗိုလ်တိုက်ခွျန်းခန်းမ၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်ဦးက အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ်ကျောင်းနေရန် ချို့တဲ့နွမ်းပါးသည့်မိသားစုဝင်များ၏ ကလေးများ ကျောင်းနေစေရေးအတွက် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် စေတနာ အလှူရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်အနေးယာဉ် ကြီးကြပ်မှုကော်မတီနှင့် အနေးယာဉ် လုပ်သားများ စုပေါင်း၍ မေ ၂၇ ရက်က ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှေ့ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး နုန်းနှင့်အမှိုက်ဆယ်ခြင်း၊ မြက်ပင်နှင့် ချုံနွယ်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဥ်။ (မြို့နယ် စည်ပင်)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အသက်(၇၀) ပြည့်မွေးနေ့ ဆုတောင်းလွှာ

၂–၆–၂၀၀၆ရက်တွင် ကျရောက်ခဲ့သော အန္တဂိုဏ်းဝင်ကျေးဇူးရှင်မိခင်ကြီးဒေါ်စိန်စိန်မြင့်၏ အသက် (၇၀)ပြည့်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အလှူရေစက်လက်နှင့်မကွာ ဆက်လက်၍ လှူဒါန်းနိုင်ပါစေကြောင်း ရိုသေစွာဆုမွန်ကောင်းတောင်းလျက်–

သမီးကြီး – ဒေါ်ယုယုကျော်
သားကြီး – ဦးအောင်မြင့်ကျော်
သားလေး – ဦးရန်မျိုးကျော်
သမီးလတ် – ဒေါ်ဆုဆုကျော်
သမီးလေး – ဒေါ်နုနုကျော်
မြေးများ – ဆု၊ ဥ၊ သု။

Saya Wallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE
2. PRACTICE
JUNE / 2006
AIRCON

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်မျိုးတင့်လှိုင်(ခ) ညွှန့်ဝင်း ၁၂/လမတ(နိုင်)၀၀၆၈၅၇ သည် မိဘညီအစ်ကိုမောင်နှမများ သည်းမခံနိုင်အောင် ပြုမူဆောင်ရွက်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စမှန်သမျှကို ကျွန်တော်များမိသားစုနှင့် လုံးဝမသက်ဆိုင်ပါ။ ၎င်း၏ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

မေးမြန်းခြင်းသည်းခံပါ။

ဦးမောင်ကို–ဒေါ်ခင်ပု မိသားစု။

ဦးသန်းအေး (ပွင့်ဖြူ)
(အဖ) ဦးစိန်မောင်
နိုင်ငံသားအမှတ် ၈/ပဖန(နိုင်) ၀၅၇၆၈၇

စက်ရုံပိုင်ငွေ ၈၂၆၃၅၅ (ရှစ်သိန်းနှစ်သောင်းခြောက်ထောင်သုံးရာငါးဆယ့်ငါးကျပ်)အား ခုနစ်ရက်အတွင်း လာရောက်စာရင်းရှင်းလင်းရန် ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူမည်။

စက်ရုံမှူး၊ PGS သောက်ရေသန့်။

၁၉၆၉–ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်ခွင့်ရသူများ
ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

နှစ်(၃၀)မြောက် ဆရာကန်တော့ပွဲကို၂၀၀၆ ခုနှစ်၊ဒီဇင်ဘာ(၂၃)ရက်နံနက်(၉)နာရီမှ (၁၁)နာရီအထိ မြန်မာနိုင်ငံဆရာဝန်များအသင်း ခန်းမတွင်လည်းကောင်း၊ မိတ်ဆုံစားပွဲကို ၎င်းနေ့ ညနေ(၆း၃၀)နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။ အတန်းသူ အတန်းသား အားလုံး စုံစုံညီညီပါဝင်ဆင်နွှဲနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များထံ အချိန်မီ ဆက်သွယ်ကြပါရန်။

(၁)ဒေါက်တာခင်လှ	- Off:02 88833,Res. 02 39852,02 39483
(၂)ဒေါက်တာခင်သန်းအေး(Nellie)	- Res. 510283
(၃)ဒေါက်တာခိုင်ယဉ်မေသန်း(Marie Than)	- Off: 211180,Res. 512707
(၄)ဒေါက်တာစန်းစန်းမြင့်(Cynthia)	- Res. 559297
(၅)ဒေါက်တာဇော်ဝင်း	- Res. 682473,09 5000 308
(၆)ဒေါက်တာညွှန့်သိန်း	- Res. 224336, 09 80 21634
(၇)ဒေါက်တာနှင်းနှင်းဝေ	- Res. 220868, 223327
(၈)ဒေါက်တာဖေသက်ထွန်း(Melvin)	- Res. 535918
(၉)ဒေါက်တာမင်းဆွေ	- Res. 210327
(၁၀)ဒေါက်တာရဲထွဋ်	- Off:251508 Ext; 153, Res. 661740, 095012957
(၁၁)ဒေါက်တာသီတာသိန်းရွှေ	- Res. 386841, 09 5104158

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖြစ်မြောက်ရေးကော်မတီ။

1. Assistant Accountant 2Post
2. Cashier 2Post
3. Collection Supervisor 2Post
4. Collector 4Post
5. Logistic Manager 1Post
6. Delivery Supervisor 2Post
7. Driver 2Post
B.Com, B.Econ,
LCCI level 3

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒေပဒေအမိန့်–၅၊နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ်၊ တရားမကြီးအမှတ်–၃၈၀

ဒေါ်သောင်းမြင့်(ခ)		၁။ ဦးမြတ်ဆွေ
သန်းသန်းစိန်	**နှင့်**	၂။ ဒေါ်ခင်မြင့်ရီ
တရားလို		**တရားခံ**

အမှတ်(၂၃၇)၊နတ်မော်လမ်း၊ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့နေ ဦးမြတ်ဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၈–၄–၂၀၀၃ရက်စွဲပါ ငွေပေးငွေယူ ကတိစာချုပ်အရ ငွေကျပ်သိန်း ၁၂၀ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဇွန်လ ၂၆ရက်(၁၃၆၈ခုနှစ် ဝါဆိုလဆန်း၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မေလ၃၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းဆွေ
တွဲဖက်တိုင်းတရားသူကြီး(၁၀)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)
အသက်(၅၅)နှစ်

ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)သည် ၈–၆–၂၀၀၆ရက် နံနက် ၂နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ်(၁၆)
ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရုံ(က)မျှစ်တန်းမှ ဈေးသာယာရေးကိုယ်စားလှယ် ဦးမောင်အေး(ခ)ဦးဖိုးအေး အသက်(၅၂)နှစ်သည် ၉–၆–၂၀၀၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဈေးသာယာရေးအဖွဲ့၊ သီရိမင်္ဂလာဈေး ကြည့်မြင်တိုင်မြို့နယ်။

အမည်ပြောင်း

ပြည်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(C) မှ ဖေဖေဦးရီလွင်–မေမေဒေါ်သန်းတင်တို့၏ သမီး မစုမြတ်ဝတီအား ယနေ့မှစ၍ မစုသက်နှင်းဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မစုသက်နှင်းဖြူ။**

အမည်ပြောင်း

အဖ ဦးစိန်ထွန်း၏သမီး နှစ်ဦးဖြစ်သူ မယဉ်ယဉ်ထွန်း XDအထက(၄)စစ်တွေအား မဆုလှိုင်ထွန်းဟုလည်းကောင်း၊ VIII B မှ မချိုမာထွန်းအား မခိုင်ရွှေစင်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မဆုလှိုင်ထွန်း XD၊
မခိုင်ရွှေစင် VIIIB
အထက(၄)စစ်တွေ။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၂၂၄၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးဘရန်ဆိုင်း ၁/မကန(နိုင်)၀၈၂၇၃၈က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့။

ဒေါ်ဟုန်းမန်ခေါကြည်
အသက်(၃၈)နှစ်

မင်းတပ်မြို့၊ မြို့ဦးရပ်ကွက်နေ ဦးဟုန်းမန်–ဒေါ်ကီးပိုင်တို့၏ သမီး၊ ဒေါ်ဟုန်းမန်စိမ်း၊ ဒေါ်ဟုန်းမန်လိုင်း(တောင်ဥက္ကလာပမြို့ မိခင်နှင့်ကလေးဆေးရုံ)–ဦးကီးတမ် (ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ ကမာရွတ်မြို့နယ်)၊ ဒေါ်ဟုန်းမန်ထုံ–(ဦးမြင့်ကျော်၊ တောအုပ်ကြီး၊အုတ်တွင်းမြို့)၊ ဒေါ်ဟုန်း မန်ရှင်း–(ဦးဉာဏ်ဝင်း၊ မြို့နယ်တရားသူကြီး)တို့၏ညီမ၊ ဟုန်းမန်အောင်၊ ဟုန်းမန်ဘူလေးတို့၏အစ်မ၊ တူ၊တူမ၁၃ယောက်တို့၏အဒေါ်သည် ၇–၆–၂၀၀၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈–၆–၂၀၀၆ရက်တွင် မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရောင်းချရန်ကြော်ငြာ
တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၆
လားရှိုးခရိုင်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်–၃

မန်နေဂျာ	**နှင့်**	ဦးကျော်သန်း
မြန်မာ့စီးပွားရေးဘဏ်		
လားရှိုးမြို့		
(တရားနိုင်)		**(တရားရှုံး)**

လားရှိုးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၂၀၀၃အမှုတွင် (၁၀–၁၁–၂၀၀၃)ရက်နေ့တွင် ချမှတ်သော အပေါင်ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ(၁၁) ရက်နေ့ (၁၃၆၈ခု၊ ဝါဆိုလပြည့်ကျော် ၂ရက်နေ့)နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ လေလံရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ိ/လျှင် ၂၅ိ/ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်သူများသည် ရောင်းချသူအရာရှိက သတ်မှတ်သည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၇။ လေလံဆွဲဝယ်ယူရရှိသူသည် အဖိုးငွေ၏ (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် အပြေအကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းဆောင်ရွက်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)ဘူတာလမ်း၊ နယ်မြေ(၆)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)ဦးပိုင်အမှတ် (၈၁/၅၅၄) မြေချိန်ဧရိယာ (၀ဒသမ၂၆၇)ဧကရှိမြေနှင့်ယင်းမြေပေါ်တွင် တည်ဆောက်ထားသည့် သွပ်မိုး၊အုတ်ကာ၊ အင်္ဂတေခင်း(၁)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး။

အထက်ပါပစ္စည်းကြမ်းခင်းဈေးတန်ဖိုးမှာ ကျပ်(၈၄)သိန်းဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန်လ (၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းအေး
ခရိုင်တရားသူကြီး

ဇွန် ၉ရက်က လှိုင်မြို့နယ် အမှတ်၁၀ရပ်ကွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးထွေးမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကေလာသဘတောင်ပေါ်ရှိ ဘုရားတန်ဆောင်း အောက်ခြေနံရံများ ပြုပြင်ရေး လှူဒါန်းနိုင်

ကျောက်ကြီး ဇွန် ၁

ပဲခူးတိုင်း ကျောက်ကြီးမြို့ ကေလာသဘတောင်ပေါ်ရှိ ငါးထပ်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီးနှင့် တန်ဆောင်းတည်ရှိရာ အောက်ခြေမြေသားနံရံများပြုပြင်ရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်ကြီးကြပ်ကွပ်ကဲမှုဖြင့် ရှင်သီဝလိခြေတော်ရာ ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ရဟန်းရှင်လူအများ သဒ္ဓါပွားလျက် လှူဒါန်းနိုင်ကြရန် ရှင်သီဝလိ ခြေတော်ရာဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားပြီး ရပ်ဝေးမှလှူဒါန်းပူဇော်လိုသူများသည် ဦးသိန်းနိုင် ဖုန်း–၀၁ ၅၀၅၉၈၀၊ ဒေါ်သိန်း ဖုန်း–၀၉ ၅၀ ၁၅၀၈၃၊ ဝေဝေထွန်း ခရီးသည်ပို့ဆောင်ရေး ဖုန်း– ၀၁ ၆၃၉၄၆၆ လိုင်းခွဲ၄၁၁၊ဒေါ်မြင့်မြင့်ဝင်း ဖုန်း–၀၂ ၃၁၀၆၀၊ ကျားဆင်ဖယောင်းတိုင်လုပ်ငန်း ဖုန်း–၀၅၂ ၂၂၂၃၉၊ကျောက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း– ၀၅၂ ၂၁၅၉၂ လိုင်းခွဲ ၁နှင့် ရှင်သီဝလိခြေတော်ရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဖုန်း–၀၅၂ ၂၁၅၉၂လိုင်းခွဲ၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၂၁၁)**

အခြေခံမီးသတ် သင်တန်းဆင်း

မိုးညှင်း ဇွန် ၂

မိုးညှင်းမြို့နယ် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၄/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ၂၆ရက်က အင်းကုန်းကျေးရွာအုပ်စု၆ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ခံ ဦးဝင်းမြင့်ကျော်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

အလားတူ အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ကို နန်းမားကျေးရွာအုပ်စုတွင်လည်းကောင်း၊ အမှတ်စဉ်(၂/၂၀၀၆)ကို ဘီလူးမြို့ ကျေးရွာအုပ်စုတွင်လည်းကောင်း၊ သင်တန်းအမှတ်စဉ်(၃/၂၀၀၆)ကို ပင်းဟဲကျေးရွာအုပ်စုတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဇွန်၈ရက်က အမှတ်(၃/၄)ရပ်ကွက် အေးချမ်းဖြိုး စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ်ဖရက်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဂလိုရီယာ၊မာကါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းနိုင်ငံခြားသတင်းထောက်များနှင့် ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များပါဝင်သော လေ့လာရေးအဖွဲ့ဝင်များ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၈ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ စာတည်းမှူးချုပ်နှင့် သတင်းထောက်များနှင့်အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်း၊ ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံစီမံကိန်း၊ သံလွင်တံတား(မော်လမြိုင်)နှင့် မော်လမြိုင်ဘူတာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

စစ်တောင်းတံတားကြည့်ရှု

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင်များဖြစ်ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့သည် လေ့လာရေးအဖွဲ့နှင့်အတူ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြရာ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် စစ်တောင်းတံတားသို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး စစ်တောင်းတံတားကို ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဇွန် ၁၃ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှင်းလင်းပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး